

# ကျမ်းမြတ်ကုရ်အာန်ပါအာယသ်တော်များ

နှင့်

# ဟဒီးဆ်တော်များ၏

မြန်မာဘာသာပြန်

# အစ္စလာမ့်ယဉ်ကျေးမှု


စီစဉ်သူ - မောင်လာနာ ဟာဖိဇ်မုဟမ္မဒ်ဂျအ်ဖရ်ဆွာဟိဗ်(မုအီနီ)
(ကျောင်းအုပ်ကြီး၊ သအ်လီမုလ်ကုရ်အာန်သာသနာ့ကျောင်းတော်ကြီး)
ကွင်းရပ်၊ မော်လမြိုင်မြို့။

စုဆောင်းတင်ပြသူ - မုဖ်သီအုဆ်မာန်း (ကာစေမီဒီယိုဗန် - မော်လမြိုင်)
B.Econ (Stats) (စီးပွားရေးတက္ကသိုလ်)


ကန့်သတ်

# မာတိကာ


၁။ ကျမ်းတော်မြတ်ကူရ်အာန်၏အာယတ်တော်များ

စာမျက်နှာ - (၁ မှ ၂၄)ထိ

၂။ မိရှ်ကားသ်ကျမ်းမှ ဟဒီးဆ်တော်များ

စာမျက်နှာ - (၂၅ မှ ၅၀)ထိ

၃။ အစ္စလာမ့်ယဉ်ကျေးမှု

စာမျက်နှာ - (၅၁ မှ ၁၁၈)ထိ

၄။ ဓမ္မဗိဋ္ဌာန်မေးခွန်းများ

စာမျက်နှာ - (၁၁၉ မှ ၁၂၇)ထိ

# ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ۝١

(၁) အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။ အကြင် အရှင်မြတ်သည် မဟာဂရုဏာတော်အရှင်၊ ၎င်းပြင် အလွန်သနား ကြင်နာတော် မူသော အရှင်ဖြစ်ပေသည်။

♦♦♦♦

ٱقۡرَأۡ بِٱسۡمِ رَبِّكَ ٱلَّذِي خَلَقَ ۝١

(၂) အသင်သည် မိမိအရှင်မြတ်၏ နာမတော်ဖြင့် (အစပြု၍) ဖတ်ပါလေ။ ထိုအရှင်မြတ်သည် (သက်ရှိ၊ သက်မဲ့အရာခပ်သိမ်း တို့ကို) ဖန်ဆင်းတော်မူခဲ့၏။

♦♦♦♦

وَإِلَٰهُكُمۡ إِلَٰهٞ وَٰحِدٞۖ لَّآ إِلَٰهَ إِلَّا هُوَ ٱلرَّحۡمَٰنُ ٱلرَّحِيمُ ۝١٦٣

(၃) အသင်တို့တတွေ၏ ကိုးကွယ်ခြင်းခံထိုက်တော်မူသော အရှင်မှာ တစ်ဆူတည်းသော အလ္လာဟ်အရှင်ဖြစ်တော်မူပေသည်။ ထိုအရှင်မှအပ၊ အခြားခဝပ်ကိုးကွယ်ရာအရှင်မရှိပေ။ ထိုအရှင်သည် မဟာဂရုဏာတော်အရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်ပေသည်။

ٱلْمَلِكُ ٱلْقُدُّوسُ ٱلسَّلَـٰمُ ٱلْمُؤْمِنُ ٱلْمُهَيْمِنُ

ٱلْعَزِيزُ ٱلْجَبَّارُ ٱلْمُتَكَبِّرُ ۚ سُبْحَـٰنَ ٱللَّهِ

عَمَّا يُشْرِكُونَ ﴿٢٣﴾

(၄) ထိုအရှင်မြတ်သည် စိုးပိုင်တော်မူသောအရှင်၊ သန့်ပြန့်စင်ကြယ်တော် မူသောအရှင်၊ ချွတ်ယွင်းမှုအပေါင်းတို့မှ ကင်းစင် တော်မူသောအရှင်၊ ခိုလှုံခွင့် ပေးတော်မူသောအရှင်၊ ထိန်းသိမ်း စောင့်ရှောက်တော်မူသောအရှင်၊ ကြီးကျယ် နိုင်နှင်းတော် မူသောအရှင်၊ ပြစ်ဒဏ်ခတ်တော်မူသောအရှင်၊ ကြီးကျယ် မြင့်မြတ် တော်မူသော အရှင်ဖြစ်သည်။ ထိုအရှင်မြတ်သည် ၎င်းကာဖိရ်များ၏ စပ်တူပြုလုပ် စွပ်စွဲခြင်းများမှ သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်သည်။

♦♦♦♦

قُلْ هُوَ ٱللَّهُ أَحَدٌ ﴿١﴾ ٱللَّهُ ٱلصَّمَدُ ﴿٢﴾

(၅) (အို-တမန်တော်) အသင်ပြောကြားပါလေ။ ထိုအလ္လာဟ် အရှင်သည် တစ်ပါးတည်း တည်ရှိတော်မူသည်။ အလ္လာဟ်

အရှင်မြတ်သည် လိုလား တောင့်တခြင်းကင်းတော်မူသော အရှင် ဖြစ်သည်။

لَمْ يَلِدْ وَلَمْ يُولَدْ ﴿٣﴾

ထိုအရှင်သည် မည်သူ့ကိုမှ မမွေးဖွားခဲ့ပေ။ ၎င်းပြင် ထိုအရှင်သည်လည်း မည်သူ့ထံကမှ မွေးဖွားခြင်းခံခဲ့ရသည် မဟုတ်ပေ။

وَلَمْ يَكُن لَّهُۥ كُفُوًا أَحَدٌۢ ﴿٤﴾

၎င်းပြင် ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူ အခြားမည်သူ တစ်ဦး တစ်ယောက်မှ မရှိပေ။

♦♦♦♦

يَٰٓأَيُّهَا ٱلنَّاسُ ٱعْبُدُوا۟ رَبَّكُمُ

(၆) အို-လူသားအပေါင်းတို့ အေဗါဒသ်ခဝပ် ဆည်းကပ်ခြင်း ပြုကြ ကုန်လော့။ အသင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အရှင် သခင်ကို

ٱلَّذِى خَلَقَكُمْ وَٱلَّذِينَ مِن قَبْلِكُمْ

အကြင် အရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းခဲ့သည်။ ၎င်းပြင်အသင်တို့အလျှင်ကလူသားများကိုလည်းဖန်ဆင်းခဲ့သည်။

لَعَلَّكُمْ تَتَّقُونَ ﴿٢١﴾

ထိုသို့ ခဝပ်ဆည်းကပ်မှသာ အသင်တို့သည် ရှောင်ကြဉ်ခြင်း တရား ထားသူများ ဖြစ်လာကြပေမည်။

♦♦♦♦

حَٰفِظُواْ عَلَى ٱلصَّلَوَٰتِ وَٱلصَّلَوٰةِ ٱلْوُسْطَىٰ

(၇) အို - မုစ်လင်မ်အပေါင်းတို့ နမားဇ်များကို သတိပြု၍ ထိန်းသိမ်း စောင့်ရှောက်ကြပါ။ ၎င်းပြင် အထူးသဖြင့် အလယ်၌ ရှိသောနမားဇ်ကို (သဘောမှာ အစွရ် နမားဇ်ကို)

وَقُومُواْ لِلَّهِ قَٰنِتِينَ ﴿٢٣٨﴾

၎င်းပြင် နမားဇ်၌ အလ္လာဟ်အရှင်မြတ်အတွက် ရှိသေလေးစားစွာဖြင့် ရပ်ကြလေကုန်။

♦♦♦♦

إِنَّ ٱلصَّلَوٰةَ تَنْهَىٰ عَنِ ٱلْفَحْشَآءِ وَٱلْمُنكَرِ

(၈) စကန်အမှန် နမားဇ်သည် ရှက်ဖွယ်ကိစ္စရပ်များနှင့် မကောင်း မှု လုပ်ငန်းများမှ တားမြစ်ပေသည်။

♦♦♦♦

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا قُمْتُمْ إِلَى ٱلصَّلَوٰةِ

(၉) အို-အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ -အသင်တို့ နမားဇ်ဝတ်ပြုရန် ရည်ရွယ်ကြသောအခါဝယ်

فَٱغْسِلُوا۟ وُجُوهَكُمْ

အသင်တို့၏ မျက်နှာကို ဆေးကြောကြကုန်။

وَأَيْدِيَكُمْ إِلَى ٱلْمَرَافِقِ

၎င်းပြင် အသင်တို့၏လက်များကို တံတောင်ဆစ်များအပါအဝင် ဆေးကြော ကြကုန်။

وَٱمْسَحُوا۟ بِرُءُوسِكُمْ

၎င်းပြင် အသင်တို့၏ ဦးခေါင်းကို စိုသောလက်ဖြင့် (မစဟ်) ပွတ်သပ်ကြ လေကုန်။

وَأَرْجُلَكُمْ إِلَى ٱلْكَعْبَيْنِ

၎င်းပြင် အသင်တို့၏ ခြေထောက်များကို ခြေမျက်စိများ အပါအဝင် ဆေးကြော ကြလေကုန်။

♦♦♦♦

وَإِن كُنتُمْ جُنُبًا فَاطَّهَّرُوا

(၁၀) အကယ်၍ အသင်တို့သည် ကိုယ်မသန့်သူများ ဖြစ်နေကြပါလျှင် (တစ်ကိုယ်လုံးအား) သန့်စင်အောင်ပြုကြလေကုန်။ (ရေချိုးကြလေကုန်)

♦♦♦♦

وَإِن كُنتُم مَّرْضَىٰٓ أَوْ عَلَىٰ سَفَرٍ

(၁၁) ၎င်းပြင်အကယ်၍ အသင်တို့သည် ရောဂါသည်များ ဖြစ်ကြလျှင် (သို့) ခရီးသည်များဖြစ်ကြလျှင်

أَوْ جَآءَ أَحَدٌ مِّنكُم مِّنَ ٱلْغَآئِطِ

သို့တည်းမဟုတ် အသင်တို့ထဲမှတစ်ဦးတစ်ယောက်သည် ကျင်ကြီး၊ ကျင်ငယ် စွန့်ရာမှ ပြန်ခဲ့လျှင်

أَوْ لَـٰمَسْتُمُ ٱلنِّسَآءَ

သို့မဟုတ် မိမိဇနီးသည် နှင့်ပေါင်းသင်းခဲ့လျှင်

فَلَمْ تَجِدُوا۟ مَآءً فَتَيَمَّمُوا۟ صَعِيدًا طَيِّبًا

ထိုနောက် ရေမရှိခဲ့ပါလျှင် စင်ကြယ်သန့်ပြန့်သော မြေကြီး ဖြင့် 'သယမ်မွန်မ်' ပြုကြလေကုန်။

فَٱمْسَحُواْ بِوُجُوهِكُمْ وَأَيْدِيكُم مِّنْهُ

ထိုကဲ့သို့ သယမ်မွန်မ်ပြုသောအခါ (လက်ဖဝါးနှစ်ဖက်ကို မြေကြီးပေါ် ရိုက်ပုတ်၍) မိမိတို့၏ မျက်နှာနှင့် လက်များကို ထိုမြေကြီးပေါ်ပုတ်ထားသော လက်ဖြင့် ပွတ်သပ်ကြလေကုန်။

♦♦♦♦

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ كُتِبَ عَلَيْكُمُ ٱلصِّيَامُ

(၁၂) အို- အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ -အသင်တို့အပေါ် ရိုဇာဟ်ဥပုဒ်ကို ဖရ်ဇ်အဖြစ် ပြဋ္ဌာန်းတော် မူလိုက်သည်။

كَمَا كُتِبَ عَلَى ٱلَّذِينَ مِن قَبْلِكُمْ

အသင်တို့၏ အလျင် အွမ္မသ်သားများအပေါ် ဖရ်ဇ်ပြု သတ်မှတ်ပေးထားသကဲ့သို့

لَعَلَّكُمْ تَتَّقُونَ ﴿١٨٣﴾

သို့မှသာ အသင်တို့သည် များစွာသော ဂိုနာဟ်များမှ ရှောင်ကြဉ်သူ များ ဖြစ်လာ ကြပေမည်။

♦♦♦♦

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُونُوٓا۟ أَنصَارَ ٱللَّهِ

(၁၃) အို-အီမာန် သက်ဝင်ယုံကြည်သူအပေါင်းတို့-အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ကို ကူညီသူများဖြစ်ကြလေကုန်။

♦ ♦ ♦ ♦

وَأَن لَّيْسَ لِلْإِنسَٰنِ إِلَّا مَا سَعَىٰ ٣٩

(၁၄) အင်(န)စာန် လူသားအဖို့မှာ ၎င်း၏ ကြိုးပမ်းအားထုတ်ထားသည် မျှသာရမည်ဖြစ်သည်။

♦ ♦ ♦ ♦

وَٱللَّهُ يُحِبُّ ٱلصَّٰبِرِينَ ١٤٦

(၁၅) ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ဘေးဒုက္ခ ကြုံတွေ့သောအခါ ကြံ့ကြံ့ခံပြီး၊ သီးခံမြိုသိပ်သူများကို ချစ်ခင်တော်မူပေသည်။

♦ ♦ ♦ ♦

إِنَّهُۥ لَا يُحِبُّ ٱلْمُسْتَكْبِرِينَ ٢٣

(၁၆) ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မာန်မာနထောင်လွှား သူများကို လုံးဝ နှစ်မြို့တော်မူခြင်းမရှိပေ။

وَلَا تَمْشِ فِى ٱلْأَرْضِ مَرَحًا ۖ إِنَّ ٱللَّهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ﴿١٨﴾

(၁၇) ရင်းပြင်မြေပထဝီပေါ်၌မောက်မာမော်ကြွား၍မလျှောက်ကြလေနှင့်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် မောက်မာသူ၊ မိမိကိုယ်ကို အထင်ကြီး သူတိုင်းကို နှစ်မြို့တော်မမူပေ။

♦♦♦♦

فَإِذَا دَخَلْتُم بُيُوتًا فَسَلِّمُوا۟ عَلَىٰٓ أَنفُسِكُمْ

(၁၈) သို့ရှိရာ အသင်တို့သည် အိမ်အတွင်းသို့ ဝင်ရောက်တော့မည်ဆိုလျှင် မိမိအိမ်သူ အိမ်သားများကို စလာမ်နှုတ်ခွန်းဆက်သမှု ပြုကြကုန်။

تَحِيَّةً مِّنْ عِندِ ٱللَّهِ مُبَـٰرَكَةً طَيِّبَةً

စလာမ်သည် ကောင်းသောဒုအာဖြစ်သည်။ အသင်တို့အား အရှင်မြတ် ဘက်တော်မှ ကောင်းမွန်ပြီး၊ မင်္ဂလာရှိသော အရာအား သင်ကြား ပြသတော်မူပေသည်။

♦♦♦♦

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ

(၁၉) အို - အီမာန်ရှင်အပေါင်းတို့ -အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်

وَقُولُوا۟ قَوْلًا سَدِيدًا ﴿٧٠﴾

၎င်းပြင် ဖြောင့်မတ်မှန်ကန်သော စကားသာ ဆိုကြကုန်

♦♦♦♦

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن تَنصُرُوا۟ ٱللَّهَ

(၂၀) အို - အီမာန်ရှင်အပေါင်းတို့- အကယ်၍ အသင်တို့သည် အရှင်မြတ်၏ သာသနာကို ကူညီကြမည်ဆိုလျှင်

يَنصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ ﴿٧﴾

ထိုအရှင်မြတ်က အသင်တို့ကို ကူညီစောင်မတော်မူလိမ့်မည်။ ၎င်းပြင် အသင်တို့၏ ခြေများကို ရန်သူနှင့် ရင်ဆိုင်နေချိန်၌ မြဲမြံတည်တံ့နေစေလိမ့်မည်။

♦♦♦♦

وَأَمَّا ٱلسَّآئِلَ فَلَا تَنْهَرْ ﴿١٠﴾

(၂၁) ၎င်းနောက် တောင်းရမ်းသူများကို မမောင်းထုတ်ပါနှင့်။

♦♦♦♦

وَلَقَدْ يَسَّرْنَا ٱلْقُرْءَانَ لِلذِّكْرِ

(၂၂) ထို့အပြင် ငါအရှင်မြတ်သည် ကျမ်းမြတ်ကုရ်အာန်ကို လူသားတို့ သတိ သံဝေဂတရား ရယူနိုင်ရန် လွယ်ကူအောင် ပြုပေးထားတော်မူသည်။

فَهَلْ مِن مُّدَّكِرٍ ﴿١٧﴾

သို့ရှိရာ သံဝေဂတရား ရယူရန် အဘယ်သူရှိပါသနည်း။

♦♦♦♦

وَوَصَّيْنَا ٱلْإِنسَٰنَ بِوَٰلِدَيْهِ حُسْنًا

(၂၃) ၎င်းပြင် ငါအရှင်မြတ်သည် လူသားအား မိမိ၏ မိဘနှစ်ပါးနှင့်ကောင်းမွန်စွာဆက်ဆံမှုပြုရန်အမိန့်ပေးထားတော်မူသည်။

♦♦♦♦

وَأْمُرْ بِٱلْمَعْرُوفِ وَٱنْهَ عَنِ ٱلْمُنكَرِ

(၂၄) ၎င်းပြင် လူသားတို့အား ကောင်းရာညွှန်ကြားမှုပြုကုန်။ ၎င်းနောက် မကောင်းရာများမှ တားမြစ်မှုပြုကုန်။

♦♦♦♦

فَاذْكُرُونِىٓ أَذْكُرْكُمْ

(၂၅)သို့ရှိရာ - အသင်တို့ ငါအရှင်မြတ်အား သတိရတသကုန်။ ငါအရှင်မြတ်ထံတော်၌ အသင်တို့၏ ကောင်းချီးဩဘာများ ပြုနေပေမည်။

وَٱشْكُرُوا۟ لِى وَلَا تَكْفُرُونِ ﴿١٥٢﴾

ငင်းပြင် ငါအရှင်မြတ်အား ကျေးဇူးတင်ရှိကြလေကုန်။ ငင်းပြင် ငါအရှင် မြတ်အား ကျေးဇူးကန်းမှုမပြုကြလေနှင့်။

♦♦♦♦

وَٱغْضُضْ مِن صَوْتِكَ

(၂၆) ငင်းပြင် မိမိ၏အသံကို နှိမ့်ချ၍ ပြောဆိုပါလေ။

إِنَّ أَنكَرَ ٱلْأَصْوَٰتِ لَصَوْتُ ٱلْحَمِيرِ ﴿١٩﴾

အဘယ်ကြောင့်ဆိုသော် အသံများအနက် အဆိုးရွားဆုံးအသံမှာ "လား တိရစ္ဆာန်"၏အသံဖြစ်သည်။

♦♦♦♦

إِنَّ ٱلْمُبَذِّرِينَ كَانُوٓا۟ إِخْوَٰنَ ٱلشَّيَٰطِينِ

(၂၇) ဧကန်မုချဖြုန်းတီးသူများသည် ရှိုင်တာန်၏ ညီနောင်များ ဖြစ်ကြသည်။

وَكَانَ ٱلشَّيْطَٰنُ لِرَبِّهِۦ كَفُورًا ﴿٢٧﴾

ဧင်းပြင်ရှိုင်တာန်သည် မိမိ၏ မွေးမြူဖန်ဆင်းရှင်အား အလွန်ပင် ကျေးဇူးကန်းသူဖြစ်သည်။

♦♦♦♦

وَأَحَلَّ ٱللَّهُ ٱلْبَيْعَ وَحَرَّمَ ٱلرِّبَوٰا۟

(၂၈) ဧင်းပြင်အလ္လာဟ်အရှင်မြတ်က အရောင်းအဝယ်ကို ဟလာဟ်ပြုပေး တော်မူပြီး၊ အတိုးစားခြင်းကို ဟရာမ်အဖြစ် သတ်မှတ်တော်မူပေသည်။

♦♦♦♦

وَمَن يَغْلُلْ يَأْتِ بِمَا غَلَّ يَوْمَ ٱلْقِيَٰمَةِ

(၂၉) ဧင်းပြင်အကြင်သူသည် အလွဲသုံးစားမှု အပြစ်ကျူးလွန်ပါက ကေယာမသ် နေ့၌ ထိုအလွဲသုံးစားပြုလုပ်ခဲ့သော အရာအား အလ္လာဟ်အရှင် မြတ်၏ ရှေ့တော်မှောက်သို့ ယူဆောင်လာ ပေးရမည်ဖြစ်ပေသည်။

وَأَقِيمُوا۟ ٱلْوَزْنَ بِٱلْقِسْطِ وَلَا تُخْسِرُوا۟ ٱلْمِيزَانَ ۝٩

(၃၀) ၎င်းနောက်အသင်တို့အချိန်အတွယ်ကို မှန်မှန်ကန်ကန် ချိန်တွယ် ကြပါ။ ၎င်းပြင် အသင်တို့ချိန်ခွင်ကို လျော့နည်းအောင် မပြုကြနှင့်။

♦♦♦♦

لَآ إِكْرَاهَ فِى ٱلدِّينِ ۖ

(၃၁) သာသနာတွင် အတင်းအကြပ် ပြုလုပ်စေခြင်းမရှိပါ။

♦♦♦♦

فَأَمَّا ٱلْيَتِيمَ فَلَا تَقْهَرْ ۝٩

(၃၂) သို့ရှိရာ မိဘမဲ့ကလေးကို အသင်မတရားမပြုလေနှင့် (အနိုင် မကျင့်ပါနှင့်)

♦♦♦♦

وَلِلَّهِ عَلَى ٱلنَّاسِ حِجُّ ٱلْبَيْتِ

(၃၃) ၎င်းပြင်လူသားတို့အပေါ် အလ္လာဟ်အရှင်မြတ်အတွက် ကအ်ဗာကျောင်းတော်၌ ဟဂ်ျပြုလုပ်ရန် ဖွရ်ဇ် ဖြစ်တော်မူသည်။

مَنِ ٱسْتَطَاعَ إِلَيْهِ سَبِيلًا

လူတို့အနက်မှ အကြင်သူတို့သည် ၎င်းကျောင်းတော်အထိ ရောက်ရှိ နိုင်သည့် အင်အားရှိလျှင် ဟဂ်ျပြုလုပ်ရမည်။

وَمَن كَفَرَ فَإِنَّ ٱللَّهَ غَنِيٌّ عَنِ ٱلْعَٰلَمِينَ ﴿٩٧﴾

အကယ်၍ ဟဂ်ျတာဝန်ရှိသူသည် ဟဂ်ျမပြုပဲအရှင်မြတ်၏ အမိန့် ဖီဆန်မှုပြုပါက အရှင်မြတ်သည် လောကအပေါင်းမှ လိုလားတောင့်တခြင်းကင်းစင်တော်မူသောအရှင်ဖြစ်တော်မူသည်။

◆◆◆◆

لَن يَنَالَ ٱللَّهَ لُحُومُهَا وَلَا دِمَآؤُهَا

(၃၄) အလ္လာဟ်အရှင်မြတ်ထံတော်သို့ ကုရ်ဘာနီသားကောင်၏ အသားလည်းမရောက်ပေ၊ ၎င်း၏ သွေးလည်းမရောက်ရှိပေ။

وَلَٰكِن يَنَالُهُ ٱلتَّقْوَىٰ مِنكُمْ

သို့သော် ထိုအရှင်မြတ်၏ ထံတော်သို့ အသင်တို့ကုရ်ဘာနီ ပြုသူများ၏ သပ်(က)ဝါ တရားနှင့် အမိန့်နာခံခြင်းသည်သာ ရောက်ရှိပေသည်။

◆◆◆◆

مَّآ أَصَابَكَ مِنْ حَسَنَةٍ فَمِنَ ٱللَّهِ

(၃၅) (အို - လူသား - အမှန်တကယ်ကတော့ ဤသို့ဖြစ်သည်) အသင့်ထံသို့ ကောင်းကျိုးတစ်ခုခုရောက်ရှိလာပါက ထိုအရာမှာ အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ ဖြစ်ပေသည်။

وَمَآ أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ

ၡင်းပြင် အသင့်ထံသို့ ဆိုးရွားမှုတစ်ခုခုရောက်ရှိလာလျှင် ၎င်းမှာ အသင်၏ ဘက်တော်မှသာဖြစ်သည်ဟု မှတ်ယူပါလေ။

♦♦♦♦

وَكُلُوا۟ وَٱشْرَبُوا۟ وَلَا تُسْرِفُوٓا۟

(၃၆) ၎င်းပြင် အသင်တို့စားကြကုန်၊ ၎င်းနောက် သောက်သုံးကြကုန်။ ၎င်းပြင် အသင်တို့ လိုအပ်သည့်အတိုင်းအတာထက် မကျော်လွန် ကြကုန်နှင့် (မဖြုန်းတီးကြနှင့်)

إِنَّهُۥ لَا يُحِبُّ ٱلْمُسْرِفِينَ ۝٣١

ကေန်မုချ အလ္လာဟ်အရှင်မြတ်သည် အတိုင်းအတာ ထက် ကျော်လွန်၍ သုံးစွဲသူ များကို နှစ်မြို့တော်မမူပေ။

♦♦♦♦

وَإِذَا قُرِئَ ٱلْقُرْءَانُ فَٱسْتَمِعُوا۟ لَهُۥ

(၃၇) ၎င်းနောက် ကျမ်းတော်မြတ်ကုရ်အာန်ဖတ်ရွတ်နေသော အခါ အသင် တို့သည် ၎င်းဖတ်ရွတ်နေသည်ကို ဂရုတစိုက် နားဆင် ကြကုန်။

وَأَنصِتُوا۟ لَعَلَّكُمْ تُرْحَمُونَ ﴿٢٠٤﴾

ထို့ပြင်အသင်တို့ဆိတ်ဆိတ်နေကြကုန်။သို့မှသာအသင်တို့သည် အရှင်မြတ်၏ ဂရုဏာသက်ခြင်းခံရသူများ ဖြစ်ကြပေလိမ့်မည်။

♦♦♦♦

وَتَعَاوَنُوا۟ عَلَى ٱلْبِرِّ وَٱلتَّقْوَىٰ

(၃၈) ၎င်းပြင် အသင်တို့သည် ကောင်းမှုလုပ်ငန်းများနှင့် အပြစ် ရှောင်ကြဉ် ခြင်းလုပ်ငန်းများတွင် တစ်ဦးကိုတစ်ဦး အကူ အညီ ပေးသူများ ဖြစ်ကြကုန်။

وَلَا تَعَاوَنُوا۟ عَلَى ٱلْإِثْمِ وَٱلْعُدْوَٰنِ

၎င်းပြင်မကောင်းမှုလုပ်ငန်းများနှင့်စည်းကျော်သောလုပ်ငန်းများတွင် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခြင်း မပြုကြကုန်နှင့်။

وَٱتَّقُوا۟ ٱللَّهَ إِنَّ ٱللَّهَ شَدِيدُ ٱلْعِقَابِ ﴿٢﴾

ထို့ပြင် အရှင်မြတ်၏ အမျက်ဒေါသအား ကြောက်ကြပါ

လေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်သည် အလွန်ပင် ပြင်းထန်လှပေသည်။

♦♦♦♦

وَلَا تَقْرَبُوا الزِّنَىٰٓ إِنَّهُۥ كَانَ فَٰحِشَةً وَسَآءَ سَبِيلًا ﴿٣٢﴾

(၃၉) ထို့ပြင် အသင်တို့သည် ဇေနာပြုခြင်း၏ အပါးသို့ပင် မချဉ်းကပ်ကြကုန် နှင့်။ ကေန်အမှန် ဇင်းလုပ်ရပ်သည် အလွန် စက်ဆုပ် ရွံရှာဖွယ် ဖြစ်သည့်အပြင် အလွန်ဆိုးဝါးလှသော လမ်းစဉ် လည်းဖြစ်သည်။

♦♦♦♦

قُل لِّلْمُؤْمِنِينَ يَغُضُّوا مِنْ أَبْصَٰرِهِمْ

(၄၀) အို - နဗီတမန်တော် - အသင်ပြောကြားပါလေ -

မိုအ်မင်န်အမျိုးသားတို့အား

အသင်တို့သည် မိမိတို့၏အရှုများကိုနှိမ့်ချထားကြလေကုန်။

وَيَحْفَظُوا فُرُوجَهُمْ

ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြလေကုန်။

(ဇေနာပြုခြင်းမှ)

ذَٰلِكَ أَزْكَىٰ لَهُمْ

ဤသည် ၎င်းတို့အဖို့ အစင်ကြယ်ဆုံးပင်ဖြစ်ပေသည်။

إِنَّ ٱللَّهَ خَبِيرٌۢ بِمَا يَصْنَعُونَ ﴿٣٠﴾

ကေန်မလွဲအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုလုပ်သမျှ ကို ကောင်းစွာ သိရှိတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။

♦♦♦♦

وَقُل لِّلْمُؤْمِنَٰتِ يَغْضُضْنَ مِنْ أَبْصَٰرِهِنَّ

(၃၁) အို ＝ နဗီတမန်တော် အသင်ပြောကြားပါလေ။

မိုအ်မင်န် အမျိုးသမီးများအား

အသင်မ တို့သည် မိမိတို့၏ အရှုမျှားကို နှိမ့်ချထားကြ လေကုန်

وَيَحْفَظْنَ فُرُوجَهُنَّ

ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကိုထိန်းသိမ်းကြလေကုန်။

(ဇေနာပြုခြင်းမှ)

وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا

ထိုမှတစ်ပါး ၎င်းတို့သည် ပေါ်၍ နေတတ်သော မိမိတို့၏ အလှမှ တစ်ပါး ကျန်အလှအပတို့ကို မပေါ်ကြစေရပါ။

وَٱلسَّارِقُ وَٱلسَّارِقَةُ فَٱقْطَعُوٓا۟ أَيْدِيَهُمَا

(၄၂) အို - စီရင်ဆုံးဖြတ်သူတို့ -

ခိုးသူယောကျ်ားနှင့် ခိုးသူ မိန်းမ ဆိုလျှင်အသင်တို့သည် ၎င်းတို့နှစ်ဦးစလုံး၏လက်များအားဖြတ်တောက်ပစ်ကြလေကုန်။

جَزَآءًۢ بِمَا كَسَبَا نَكَـٰلًا مِّنَ ٱللَّهِ

ဤသည် ၎င်းတို့နှစ်ဦးပြုမူခဲ့ကြသော ပြုမူချက်၏ ပြစ်ဒဏ် ဖြစ်ပေသည်။ အရှင်မြတ်ဘက်တော်မှ သံဝေဂရစေရန် ဆုံးမချက် လည်းဖြစ်၏။

وَٱللَّهُ عَزِيزٌ حَكِيمٌ ﴿٣٨﴾

အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံ တော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ ပေသည်။

♦ ♦ ♦ ♦

وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا

(၄၃)သို့ရာတွင်အကြင်သူသည်မုဗ်လင်မ်တစ်ဦးတစ်ယောက်ကို တမင်သက်သက်ကြံစည်သတ်ဖြတ်ခဲ့ပါလျှင်

فَجَزَآؤُهُۥ جَهَنَّمُ خَـٰلِدًا فِيهَا

ထိုသူ၏ အပြစ်သည် ဂျဟန္နမ်ငရဲဘုံပင်ဖြစ်သည်။ ယင်းနေရာ၌ အစဉ်အမြဲ နေရပေမည်။

وَغَضِبَ ٱللَّهُ عَلَيْهِ وَلَعَنَهُۥ وَأَعَدَّ لَهُۥ عَذَابًا عَظِيمًا ﴿٩٣﴾

ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ အပေါ်၌ အမျက်တော် ထားတော်မူ၏။ ထိုသူ့အား ဂရုဏာတော်မှလည်း ကင်းဝေးစေတော်မူသည်။ ထိုသူ၏ အဖို့ကြီးလေးသော ပြစ်ဒဏ်ကိုလည်း အဆင်သင့် ပြုထားတော်မူပေ သတည်း။

♦♦♦♦

ٱلزَّانِيَةُ وَٱلزَّانِى فَٱجْلِدُوا۟ كُلَّ وَٰحِدٍ مِّنْهُمَا مِا۟ئَةَ جَلْدَةٍ

(၄၄) ဇေနာအမှုကျူးလွန်သော ယောကျ်ားနှင့် ဇေနာအမှုကျူးလွန်သော မိန်းမတို့အား အသင်တို့သည် ၎င်းတို့နှစ်ဦးအနက်မှ တစ်ဦးစီ ကို ကြိမ်ဒဏ် အချက်ပေါင်း တစ်ရာစီရိုက်ကြလေကုန်။

وَلَا تَقُولَنَّ لِشَاْىۡءٍ إِنِّى فَاعِلٌ ذَٰلِكَ غَدًا ﴿٢٣﴾

(၄၅) ၎င်းပြင် အို = နဗီတမန်တော် အသင်သည် မည်သည့် ကိစ္စ ကို ပင်မဆို 'ကေန်အမှန်ကျွန်ုပ်သည် ယင်းကိစ္စကို မနက်ဖြန် ပြုလုပ်မည်' ဟူ၍ လုံးဝမပြော ဆိုလေနှင့်။

إِلَّآ أَن يَشَآءَ ٱللَّهُ

သို့ရာတွင် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိလျှင် (ပြုလုပ်မည် ဟုပြောပါလေ)

♦♦♦♦

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَتَّخِذُواْ ٱلْكَٰفِرِينَ
أَوْلِيَآءَ مِن دُونِ ٱلْمُؤْمِنِينَ

(၄၆) အို - အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ - အသင်တို့ သည် မိုအ်မင်န်သက်ဝင်ယုံကြည်သူတို့မှ တစ်ပါး ကာဖိရ် သွေဖည် ငြင်းပယ်သော သူတို့အား အဆွေခင်ပွန်း မပြုလုပ်ကြကုန်နှင့်။

♦♦♦♦

وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ

(၄၇) အမှန်စင်စစ်သော်ကား မည်သည့် ဝန်ထုပ်ထမ်းသောသူ (အပြစ်ရှိ သောသူ) တစ်စုံတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို (အပြစ်ကို) သယ်ပိုး ထမ်းဆောင်မည်မဟုတ်ပေ။

♦♦♦♦

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُلُوا۟ مِن طَيِّبَـٰتِ مَا رَزَقْنَـٰكُمْ

(၄၈) အို မိုအ်မင်န် ယုံကြည်သူအပေါင်းတို့ - အသင်တို့အား ငါအရှင်မြတ်ပေးသနားတော်မူထားသည့် ကောင်းမွန်သန့်ပြန့်သော အာဟာရများအနက်မှ အသင်တို့သည် (ကြိုက်နှစ်သက်ရာကို) စားသုံးကြကုန်။

وَٱشْكُرُوا۟ لِلَّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ﴿١٧٢﴾

ဂုင်းပြင်အကယ်၍ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါလျှင် အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကျေးဇူးတင်ကြကုန်။

♦♦♦♦

كُلُّ نَفْسٍ ذَآئِقَةُ ٱلْمَوْتِ ۗ

(၄၉) သက်ရှိသတ္တဝါတိုင်းသည် မရဏာသေခြင်းတရား၏ အရသာကို မြည်း စမ်းကြရမည်။

♦♦♦♦

رَّبَّنَا عَلَيْكَ تَوَكَّلْنَا وَإِلَيْكَ أَنَبْنَا وَإِلَيْكَ ٱلْمَصِيرُ ﴿٤﴾

(၅၀) အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွဲအပ် ကြပါပြီ။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ် ဘက်သို့ သာလျှင်ပြန်လှည့်ကြပါပြီ။ ထိုမှတစ်ပါး နောက်ဆုံး ပြန်လှည့်ရာ စခန်းမှာ အရှင်မြတ်ထံတော်၌ပင်ဖြစ်ပါသည်။

♦♦♦♦

بسم الله الرحمن الرحيم

# الاحاديث من المشكوة

## မိရှ်ကားသ်ကျမ်းမှ ဟဒီးဆ်တော်များ

### كتاب الايمان **အီမာန်အခန်း**

﴿١﴾ بُنِيَ الْاِسْلَامُ عَلٰى خَمْسٍ شَهَادَةِ اَنْ لَّا اِلٰهَ اِلَّا اللّٰهُ وَاَنَّ

مُحَمَّدًا عَبْدُهٗ وَرَسُوْلُهٗ وَاِقَامِ الصَّلٰوةِ وَاِيْتَاءِ الزَّكٰوةِ

وَالْحَجِّ وَصَوْمِ رَمَضَانَ

(၁) အစ္စလာမ်သာသနာ၏ အခြေအမြစ်တရားငါးပါးရှိပါသည်။

- အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ရာ အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သခင် (ﷺ)သည် ထိုအရှင်မြတ်၏ ကျေးကျွန်တော်နှင့် တမန်တော်ဖြစ်ကြောင်းကို သက်သေခံခြင်း။
- နမားဇ်ဆောက်တည်ခြင်း
- ဇကားသ်ဒါနကြေးပေးဆောင်ခြင်း
- ဟဂ်ျပြုလုပ်ခြင်း

- လမြတ်ရမသွာန်၏ ရိုဇာဟ်ဥပုဒ်စောင့်ထိန်းခြင်းတို့ ဖြစ်ကြပါသည်။

♦♦♦♦

﴿٢﴾ لَايُؤْمِنُ اَحَدُكُمْ حَتّٰى اَكُوْنَ اَحَبَّ اِلَيْهِ مِنْ وَّالِدِهٖ وَوَلَدِهٖ وَالنَّاسِ اَجْمَعِيْنَ

(၂) အသင်တို့အထဲမှ တစ်ဦးတစ်ယောက်သည် ၎င်း၏ မိဘ၊ သားသမီး နှင့် လူသားအားလုံးထက်သာပို၍ ငါကိုယ်တော်အား ချစ်ခင်နှစ်သက်ခြင်း မပြုသေးသမျှ ပြည့်ဝသော အီမာန်ရှင် မဖြစ်နိုင်ပေ။

♦♦♦♦

﴿٣﴾ ذَاقَ طَعْمَ الْاِيْمَانِ مَنْ رَّضِىَ بِاللّٰهِ رَبًّا وَّبِالْاِسْلَامِ دِيْنًا وَّبِمُحَمَّدٍ رَّسُوْلًا

(၃) အကြင်သူတစ်ဦးတစ်ယောက်သည် အလ္လာဟ်အရှင်မြတ်အား မွေးမြူ ဖန်ဆင်းရှင်ဖြစ်ကြောင်း၊ အစ္စလာမ်ကို လက်ခံကျင့်သုံးရမည့် သာသနာ ဖြစ်ကြောင်း၊ မုဟမ္မဒ်သခင် (ﷺ)အား တမန်တော်ဖြစ်ကြောင်း ကျေနပ် နှစ်သက်လက်ခံပါက

ထိုသူသည် အီမာန်၏ ချိုမြိန်သော အရသာကို မြည်းစမ်းသူ ဖြစ်ပေသည်။

♦♦♦♦

﴿٤﴾ اَفْضَلُ الْاَعْمَالِ الْحُبُّ فِى اللّٰهِ وَالْبُغْضُ فِى اللّٰهِ

(၄) အမွန်မြတ်ဆုံး အမလ်ကောင်းမှုမှာ အလ္လာဟ်အရှင်မြတ် အတွက် ချစ်ခင် ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အတွက် မုန်းတီးခြင်းဖြစ်ပေသည်။

♦♦♦♦

﴿٥﴾ لَاۤ اِيْمَانَ لِمَنْ لَّا اَمَانَةَ لَهٗ وَلَا دِيْنَ لِمَنْ لَّا عَهْدَ لَهٗ

(၅) အသက်စည်းစိမ်ဥစ္စာပစ္စည်း၌ အလွဲသုံးစားပြုသူနှင့် ကတိ ကဝတ် ဖေါက်ဖျက်သူတို့သည် ပြီးပြည့်စုံသော အီမာန်ရှင် မဖြစ်နိုင်ပေ။

♦♦♦♦

## ﴾٦﴿ اَلْكَبَائِرُ الْاِشْرَاكُ بِاللّٰهِ وَعُقُوْقُ الْوَالِدَيْنِ وَقَتْلُ النَّفْسِ وَالْيَمِيْنُ الْغَمُوْسُ

(၆) ကြီးမားသော အပြစ်ဒုစရိုက်များမှာ 'အလ္လာဟ်အရှင်မြတ်နှင့် အခြားအရာ များကိုယှဉ်တွဲကိုးကွယ်ခြင်း၊ မိဘနှစ်ပါး၏ အမိန့်ဖီဆန်ခြင်း၊ လူသတ်ခြင်းနှင့် မုသားကျိန်ဆိုမှုပြုခြင်း' တို့ဖြစ်ကြပေသည်။

♦♦♦♦

## ﴾٧﴿ اِنَّ اللّٰهَ تَجَاوَزَ عَنْ اُمَّتِیْ مَاوَسْوَسَتْ بِهٖ صُدُوْرُهَا مَالَمْ تَعْمَلْ بِهٖ اَوْ تَتَكَلَّمْ

(၇) ငါကိုယ်တော်၏ အွမ္မသ်နောက်လိုက်သားတို့၏ နှလုံးသား၌ ပေါ်ပေါက် လာသော အတွေးအခေါ်ဆိုးများအား လက်တွေ့ အကောင်အထည် မဖော်ပါက (သို့) နှုတ်ဖြင့် မပြောဆိုပါက ထိုအတွေးအခေါ်များအား အရှင်မြတ်က ခွင့်လွှတ်ချမ်းသာ ပေးတော်မူပေသည်။

♦♦♦♦

﴿٨﴾ يَاْتِى الشَّيْطَانُ اَحَدَكُمْ فَيَقُوْلُ مَنْ خَلَقَ كَذَا مَنْ خَلَقَ كَذَا

حَتّٰى يَقُوْلَ مَنْ خَلَقَ رَبَّكَ فَاِذَا بَلَغَهُ فَلْيَسْتَعِذْ بِاللّٰهِ وَلْيَنْتَهِ

(၈) အသင်တို့ထဲမှ တစ်ဦးတစ်ယောက်ထံ ရှိုင်တွာန်မိစ္ဆာ လာရောက်၍ ပြောဆိုသည်မှာ 'မိုးကောင်းကင်အား မည်သူ ဖန်ဆင်းသနည်း၊' မြေပထဝီအား မည်သူဖန်ဆင်းသနည်း၊ ဤသို့ မေးရင်းမေးရင်း 'အသင်၏ အရှင်အား မည်သူဖန်ဆင်း သနည်း' ဟူသောမေးခွန်းအထိ ရောက်ရှိလာခဲ့လျှင် အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ။ ၎င်းပြင် ထိုအတွေးအား စွန့်လွှတ်လိုက်ပါလေ။

♦♦♦♦

﴿٩﴾ اِنَّ قُلُوْبَ بَنِىْ اٰدَمَ كُلَّهَا بَيْنَ اِصْبَعَيْنِ مِنْ اَصَابِعِ الرَّحْمٰنِ كَقَلْبٍ

وَاحِدٍ يُصَرِّفُهُ كَيْفَ يَشَاءُ ثُمَّ قَالَ رَسُوْلُ اللّٰهِ ﴿ﷺ﴾

اَللّٰهُمَّ مُصَرِّفَ الْقُلُوْبِ صَرِّفْ قُلُوْبَنَا عَلٰى طَاعَتِكَ

(၉) ကေန်အမှန် အာဒမ် (عليه السلام)၏ သားမြေးများအားလုံး၏ နှလုံးသား များသည် မဟာဂရုဏာတော်ရှင်၏ လက်ချောင်း တော်များအနက် လက်ချောင်းတော်နှစ်ခုကြား၌ တည်ရှိတော်

မူသည်။ ပမာဆိုသော် တစ်ခုတည်းသော နှလုံးသားကဲ့သို့ ဖြစ်၍ အရှင်မြတ် အလိုတော်ရှိသလို ပြောင်းလဲတော်မူပေသည်။

ထို့နောက် ကိုယ်တော်မြတ် (ﷺ)သည် အောက်ပါဒုအာကို ရွတ်ဆိုတော် မူလေသည်။

'အို - နှလုံးသားများကို ပြောင်းလဲပေးနိုင်တော်မူသော အရှင်၊ ကျွန်တော် မျိုးတို့၏ နှလုံးသားများကို အရှင်မြတ်၏ အမိန့်နာခံမှုဘက်သို့ ပြောင်းလဲ ပေးတော်မူပါ။

♦♦♦♦

﴿١٠﴾ مَنْ تَمَسَّكَ بِسُنَّتِىْ عِنْدَ فَسَادِاُمَّتِىْ فَلَهٗاَجْرُمِائَةِ شَهِيْدٍ

(၁၀) အကြင်သူသည် ငါကိုယ်တော်၏ နောက်လိုက် အွမ္မသ်သားများ ပျက်စီးနေသောအချိန် ငါကိုယ်တော်၏ စွန္နသ်လမ်းစဉ် တစ်ခုကို အမလ်ကျင့် ဆောက်တည်ပါက ထိုသူသည် ရှဟီးဒ်ပေါင်း တစ်ရာ၏ အကျိုးကုသိုလ် ရရှိမည်ဖြစ်ပေသည်။

♦♦♦♦

## كتاب العلم အိလ်(မ်)အခန်း

《١١》 اِذَامَاتَ الْاِنْسَانُ اِنْقَطَعَ عَنْهُ عَمَلُهٗ اِلَّا مِنْ ثَلٰثَةٍ اِلَّا مِنْ صَدَقَةٍ جَارِيَةٍ اَوْعِلْمٍ يَنْتَفِعُ بِهٖ اَوْ وَلَدٍصَالِحٍ يَدْعُوْلَهٗ

(၁၁) လူသား ကွယ်လွန်သေဆုံးသွားသောအခါ ၎င်း၏အမလ်ကောင်းမှုများ ရပ်ဆိုင်းပြတ်တောက်သွားပေသည်။ သို့သော် သုံးခုသော အရာကြောင့် ကောင်းမှုများ ရရှိနေပေမည်။ ထိုအရာသုံးခုမှာ (၁)အစဉ်အမြဲ တည်ရှိနေမည့် ဆဒကဟ် လှူဒါန်းမှု၊ (၂) မိမိအား အကျိုးဖြစ်ထွန်း စေမည့်ပညာ (၃) မိမိအတွက် ဆုမွန်တောင်းပေးနေမည့်သား၊ သမီး တို့ ဖြစ်ကြပါသည်။

♦♦♦♦

《١٢》 مَنْ خَرَجَ فِىْ طَلَبِ الْعِلْمِ فَهُوَفِىْ سَبِيْلِ اللّٰهِ حَتّٰى يَرْجِعَ

(၁၂) သာသနာ့ပညာသင်ယူဆည်းပူးရန် အိမ်မှထွက်လာသူသည် ပြန်ရောက် လာသည်အထိ အရှင်မြတ်၏ လမ်းတော်တွင် ရှိနေသူဖြစ်ပေသည်။

♦♦♦♦

﴿١٣﴾ مَنْ قَالَ فِى الْقُرْاٰنِ بِرَأْيِهِ فَلْيَتَبَوَّأْ مَقْعَدَهُ مِنَ النَّارِ

(၁၃) အကြင်သူသည် ကျမ်းတော်မြတ်ကုရ်အာန်နှင့် စပ်လျဉ်း၍ မိမိအကြံဉာဏ် ဖြင့် ပြောဆိုပါက ထိုသူသည် မိမိ၏ စတည်းချမည့်နေရာကို ဂျဟန္နမ်ဟု သတ်မှတ်လိုက်ပါ။

♦♦♦♦

﴿١٤﴾ مَنْ جَاءَهُ الْمَوْتُ وَهُوَ يَطْلُبُ الْعِلْمَ لِيُحْيِيَ بِهِ الْاِسْلَامَ فَبَيْنَهُ وَبَيْنَ النَّبِيِّيْنَ دَرَجَةٌ وَاحِدَةٌ فِى الْجَنَّةِ

(၁၄) အကြင်သူသည် အစ္စလာမ်သာသနာကို ရှင်သန်စေရန် အလို့ငှာ သာသနာ့ ပညာရှာဖွေဆည်းပူးရင်း ကွယ်လွန်သွားပါက ဂျန္နသ်ဥယျာဉ်ဘုံနန်း၌ ထိုသူနှင့် နဗီတမန်တော်များ အကြားတွင် အဆင့်အတန်းတစ်ခုသာ ခြားနားမည် ဖြစ်ပေသည်။

♦♦♦♦

﴿١٥﴾ مَنْ حَفِظَ عَلٰى اُمَّتِىْ اَرْبَعِيْنَ حَدِيْثًا فِىْ اَمْرِ دِيْنِهَا بَعَثَهُ اللّٰهُ فَقِيْهًا وَكُنْتُ لَهُ يَوْمَ الْقِيَامَةِ شَافِعًا وَّشَهِيْدًا

(၁၅) အကြင်သူသည် ငါကိုယ်တော်၏ အွမ္မသ်သားများ အကျိုးအတွက် ၎င်းတို့၏ သာသနာ့ရေးရာနှင့် စပ်လျဉ်းသည့် ဟဒီးဆ်တော် လေးဆယ် အား ဆင့်ပြန်ပါက ထိုသူအား အရှင်မြတ်က ကေယာမသ်နေ့၌ ဓမ္မပညာရှင်အဖြစ် ရှင်ပြန်ထစေတော်မူမည်ဖြစ်ပြီး၊ ငါကိုယ်တော်မြတ်က ထိုသူ့အတွက် ခွင့်လွှတ်အသနားခံလျှောက်ထားပေးသူ၊ ၎င်းပြင် သက်သေခံပေးသူ ဖြစ်တော်မူပေမည်။

◆◆◆◆

## كتاب الطهارة **သန့်ပြန့်မှုအခန်း**

﴿١٦﴾ مَنْ تَوَضَّأَ فَاَحْسَنَ الْوُضُوْءَ خَرَجَتْ خَطَايَاهُ مِنْ جَسَدِهٖ حَتّٰى تَخْرُجَ مِنْ تَحْتِ اَظْفَارِهٖ

(၁၆) အကြင်သူတစ်ဦးတစ်ယောက်သည် ဝူဇူပြုလုပ်မည်၊ မိမိ၏ ဝူဇူအားလည်း ကောင်းမွန်ကျနစွာ ပြုလုပ်မည်ဆိုလျှင် ၎င်းသူ၏ ခန္ဓာကိုယ်မှ မှားယွင်း ချွတ်ချော်မှုများ ပလပ်

ကင်းစင်သွားပေမည်။ ၎င်း၏ လက်သဲများ အောက်၌ရှိသော အပြစ်ဂိုနာဟ်များပင် ပလပ်ကင်းစင်သွားမည်ဖြစ်ပေသည်။

♦♦♦♦

﴿١٧﴾ مَنْ تَوَضَّأَ عَلٰى طُهْرٍ كُتِبَ لَهٗ عَشْرُ حَسَنَاتٍ

(၁၇) အကြင်သူသည် သန့်ပြန့်မှုရှိနေလျက် (ဝုဇူရှိနေလျက်) ဝုဇူထပ်မံပြုလုပ်မည် ဆိုလျှင် ၎င်းသူအတွက် ကောင်းမှုကုသိုလ် (၁၀)ခု ရေးမှတ်ခြင်း ခံရပေမည်။

♦♦♦♦

﴿١٨﴾ مِفْتَاحُ الْجَنَّةِ الصَّلٰوةُ وَمِفْتَاحُ الصَّلٰوةِ الطُّهُوْرُ

(၁၈) ဂျန္နသ်၏ သော့မှာ နမာဇ်ဖြစ်၍ နမာဇ်၏သော့မှာ သန့်ပြန့်စင်ကြယ်မှု ဖြစ်သည်။

♦♦♦♦

﴿١٩﴾ كَانَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اِذَا دَخَلَ الْخَلَاءَ يَقُوْلُ اَللّٰهُمَّ اِنِّىْ اَعُوْذُبِكَ مِنَ الْخُبُثِ وَالْخَبَائِثِ

(၁၉) တမန်တော်မြတ်(ﷺ) သခင်သည် အိမ်သာသို့ဝင်သောအခါ ဤသို့ ဒိုအာရွတ်ဆိုတော်မူလေသည်။

အို-အရှင် ကျွန်တော်မျိုး အရှင်မြတ်ထံ ဆိုးသွမ်းသော ဂျင်န်ထီးများနှင့် ဂျင်န်မများ၏ နှောင့်ယှက်မှုမှ လွတ်ကင်းရန် ခိုလှုံပါ၏။

♦♦♦♦

﴿٢٠﴾ كَانَ النَّبِيُّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ اِذَا خَرَجَ مِنَ الْخَلَاءِ قَالَ غُفْرَانَكَ - وَفِيْ رِوَايَةٍ قَالَ اَلْحَمْدُ لِلّٰهِ الَّذِيْ اَذْهَبَ عَنِّيْ الْاَذٰى وَعَافَانِيْ

(၂၀) တမန်တော်မြတ် (ﷺ)သခင်သည် အိမ်သာမှ ပြန်ထွက်သော အခါ ဤသို့ ရွတ်ဆိုတော်မူသည်။ 'အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါသည်'

အခြားဆင့်ပြန်ချက်တစ်ခုတွင် ဤသို့ရွတ်ဆိုတော်မူသည်။ 'ချီးမွမ်းထောပနာ ပြုပြုသမျှ အပေါင်းသည် အရှင်မြတ် အတွက်သာလျှင် ဖြစ်ပေသည်။ အကြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ အညစ်အကြေး များကို ဝေးကွာအောင် ပြုပေးတော်မူသည်။ ၎င်းပြင် ကျွန်တော်မျိုးအား အေးဆေး သက်သာမှု ချီးမြှင့်တော်မူသည်။

♦♦♦♦

## باب السواك   မိစ်ဝါးက်အခန်း

﴿٢١﴾ اَلسِّوَاكُ مُطْهِرَةٌ لِلْفَمِ مَرْضَاةٌ لِلرَّبِّ

(၂၁) မိစ်ဝါးက်တံပူတိုက်ခြင်းသည် ပါးစပ်အား သန့်ပြန့်စေ၍ အရှင်မြတ်အား ကျေနပ်နှစ်သက်စေသော အလုပ်ဖြစ်သည်။

♦♦♦♦

﴿٢٢﴾ تُفَضَلُ الصَّلٰوةُالَّتِيْ يُستَاكُ لَهَاعَلَى الصَّلٰوةِالَّتِيْ لَايُسْتَاكُ لَهَاسَبْعِيْنَ ضِعْفًا

(၂၂) မိစ်ဝါးက်တံပူတိုက်၍ဖတ်သော နမားဇ်သည် တံပူမတိုက်၍ ဖတ်သော နမားဇ်ထက် အကျိုးကုသိုလ်အဆပေါင်း (၇၀)သာ ပိုမွန်မြတ်လေသည်။

♦♦♦♦

## كتاب الصلوة နမားဇ်အခန်း

﴿٢٣﴾ مُرُوْا اَوْلَادَكُمْ بِالصَّلٰوةِ وَهُمْ اَبْنَاءُ سَبْعِ سِنِيْنَ

وَاضْرِبُوْهُمْ عَلَيْهَا وَهُمْ اَبْنَاءُ عَشْرِسِنِيْنَ وَفَرِّقُوْا بَيْنَهُمْ فِى الْمَضَاجِعِ

(၂၃) အသင်တို့၏ သားသမီးများအသက်(၇)နှစ်သို့ ရောက်သော အခါ နမားဇ် ဝတ်ပြုရန် အမိန့်ပေးကုန် - ၎င်းနောက် သက်တော် (၁၀)နှစ်သို့ရောက် သောအခါ နမားဇ်စွန့်လွှတ်သည့်အပေါ် ရိုက်၍ဆုံးမကြကုန်၊ ထို့ပြင် ၎င်းတို့အချင်းချင်း အိပ်ယာများခွဲ၍ အိပ်စက်စေကုန်။

♦♦♦♦

﴿٢٤﴾ مَنْ صَلّٰى سَجْدَتَيْنِ لَا يَسْهُوْ فِيْهِمَا غَفَرَاللهُ لَهٗ مَاتَقَدَّمَ مِنْ ذَنْبِهٖ

(၂၄) အကြင်သူသည် စိဂျ်ဒဟ် ၂ကြိမ်ကို တစိတ်တလက်တည်း ဝတ်ပြု လိုက်မည်ဆိုလျှင် ၎င်းသူ၏ သေးငယ်သော ဂိုနာဟ် ဒုစရိုက်များကို အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပြုပေးလေသည်။

♦♦♦♦

﴿٢٥﴾ مَنْ صَلّى الْعِشَاءَ فِى جَمَاعَةٍ فَكَاَنَّمَا قَامَ نِصْفَ اللَّيْلِ

وَمَنْ صَلّى الصُّبْحَ فِى جَمَاعَةٍ فَكَاَنَّمَا صَلّى اللَّيْلَ كُلَّهُ

(၂၅) အကြင်သူသည် အေရှာနမားဇ်ကို ဂျမာအသ်ဖြင့် ဝတ်ပြုပါက ထိုသူသည် ညတစ်ဝက် အေဗါဒသ်ပြုသူကဲ့သို့ ဖြစ်ပြီး၊ အကြင်သူသည် ဖဂျရ်နမားဇ် ကို ဂျမာအသ်ဖြင့် ဝတ်ပြုပါက ထိုသူသည် တစ်ညတာလုံး အေဗါဒသ် ပြုသူပမာဖြစ်ပေသည်။

♦ ♦ ♦ ♦

﴿٢٦﴾ مَنْ اَذَّنَ سَبْعَ سِنِيْنَ مُحْتَسِبًا كُتِبَ لَهُ بَرَاءَةٌ مِّنَ النَّارِ

(၂၆) အကြင်သူသည် အကျိုးဆဝါဗ်ကို မျှော်ကိုး၍ (၇)နှစ်တိုင်တိုင် အဇာန်ရွတ်ဆိုပါက ၎င်းသူအတွက် ဂျဟန္နမ်မှကင်းလွတ်ခွင့်ကို ရေးမှတ်ခြင်း ခံရမည် ဖြစ်ပေသည်။

♦ ♦ ♦ ♦

﴿٢٧﴾ لَا يُرَدُّ الدُّعَاءُ بَيْنَ الْاَذَانِ وَالْاِقَامَةِ

(၂၇) အဇာန်နှင့် အေကာမသ်အကြား၌ တောင်းခံသော ဒုအာမှာ ငြင်းပယ်ခြင်း ခံရမည်မဟုတ်ပေ။

♦ ♦ ♦ ♦

﴿٢٨﴾ مَنْ بَنٰى لِلّٰهِ مَسْجِدًا بَنَى اللهُ لَهُ بَيْتًا فِى الْجَنَّـــةِ

(၂၈) အကြင်သူသည် အလ္လာဟ်အရှင်မြတ်အတွက် သေးငယ်သော ဗလီတစ်လုံး ဆောက်ပေးလျှင် အလ္လာဟ်အရှင်မြတ်က ၎င်းသူအတွက် ဂျန္နသ်ဥယျာဉ်ဘုံနန်းတွင် ကြီးကျယ်သော အိမ်တစ်ဆောင် ဆောက်လုပ် ပေးတော်မူပေမည်။

♦♦♦♦

﴿٢٩﴾ اَفْضَلُ الصَّلٰوةِ طُوْلُ الْقُنُوْتِ

(၂၉) အမွန်မြတ်ဆုံး နမားဇ်မှာ ကေယာမ်ကို ရှည်လျားစွာ ဝတ်ပြုခြင်း ဖြစ်ပေသည်။

♦♦♦♦

﴿٣٠﴾ اِنَّ رَسُوْلَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ قَرَأَ فِى رَكْعَتَى الْفَجْرِ قُلْ يٰاَيُّهَا الْكٰفِرُوْنَ وَقُلْ هُوَ اللهُ اَحَدٌ

(၃၀) တမန်တော်မြတ် (ﷺ)သခင်သည် ဖဂျရ်၏ စွန္နသ် နှစ် ရကအသ်၌ ကုလ်ယားအိုင်ယုဟာလ် ကာဖွေရူးန် နှင့် စူရဟ် အဟာတ်ဒ် ဖတ်တော်မူသည်။

♦♦♦♦

﴿٣١﴾ اِذَاقَالَ الْاِمَامُ سَمِعَ اللهُ لِمَنْ حَمِدَهٗ فَقُوْلُوْا اَللّٰهُمَّ رَبَّنَالَكَ الْحَمْدُ فَاِنَّهٗ مَنْ وَّافَقَ قَوْلُهٗ قَوْلَ الْمَلَآئِكَةِ غُفِرَلَهٗ مَاتَقَدَّمَ مِنْ ذَنْبِهٖ

(၃၁) နမားဇ်၌ အေမာမ်က သတ်စ်မီးအ် (سَمِعَ اللهُ لِمَنْ حَمِدَه) ဖတ် လိုက်သောအခါ အသင်တို့က သဟ်မီးဒ် (رَبَّنَالَكَ الْحَمْدُ) ဖတ်ရွတ်ကြလေကုန်။

အဘယ်ကြောင့်ဆိုသော် အကြင်သူ၏ သဟ်မီးဒ်ရွတ်ဆိုသံနှင့် ကောင်းကင် တမန်များ၏ သတ်စ်မီးအ် ရွတ်ဆိုသံ တစ်ထပ် တည်းကျသွားပါက ၎င်းသူ၏ ရှေ့ကကျူးလွန်ခဲ့သော ဂိုနာဟ် များ ပလပ်ကင်းစင် သွားပေသည်။

♦♦♦♦

﴿٣٢﴾ اِذَاقَرَأَ ابْنُ اٰدَمَ السَّجْدَةَ فَسَجَدَ اِعْتَزَلَ الشَّيْطَانُ يَبْكِي يَقُوْلُ يَاوَيْلَتِيْ اُمِرَ ابْنُ اٰدَمَ بِالسُّجُوْدِ فَسَجَدَ فَلَهُ الْجَنَّةُ وَاُمِرْتُ بِالسُّجُوْدِ فَاَبَيْتُ فَلِيَ النَّارُ

(၃၂) အကြင်သူသည် စိဂျ်ဒဟ်အာယသ်တော်ကို ဖတ်ရွတ်ပြီး စိဂျ်ဒဟ်ပြုသည်ဆိုလျှင် မိစ္ဆာရှိုင်တာန်သည် ငိုယို၍ အဝေးသို့ ထွက်သွား လေသည်။ ၎င်းနောက် ရှိုင်တာန်ကပြောသည်မှာ

'လူသားကို စိဂျ်ဒဟ်လုပ်ရန် အရှင်မြတ်က အမိန့်ပေးခဲ့ရာ လူသားက စိဂျ်ဒဟ်ပြုခဲ့ သဖြင့် ၎င်းအတွက် ဂျန္နသ်ရရှိသွားပေသည်။ ကျွန်ုပ်အား စိဂျ်ဒဟ်ပြုရန် အရှင် မြတ်က အမိန့်ပေးခဲ့ရာ ကျွန်ုပ်က ငြင်းဆန်ခဲ့သဖြင့် ဂျဟန္နမ်သို့ လားရပေမည်'

♦♦♦♦

## ﴿٣٣﴾ اَنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ كَانَ يَقُوْلُ بَيْنَ السَّجْدَتَيْنِ رَبِّ اغْفِرْلِيْ

(၃၃) တမန်တော်မြတ်(ﷺ)သခင်သည် နဖိလ်နမားဇ်၏ စိဂျ်ဒဟ် နှစ်ခုကြား၌ (အို-ကျွန်တော်မျိုး၏ မွေးမြူဖန်ဆင်းတော်မူသော အရှင် - ကျွန်တော်မျိုးအား ခွင့်လွှတ် တော်မူပါ။) ဟူ၍ တောင်းဆုပန်လေ့ရှိပေသည်။

♦♦♦♦

﴿٣٤﴾ كَانَ رَسُولُ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ اِذَا انْصَرَفَ مِنْ صَلٰوتِهٖ اِسْتَغْفَرَ ثَلٰثًا وَقَالَ اَللّٰهُمَّ اَنْتَ السَّلَامُ وَمِنْكَ السَّلَامُ تَبَارَكْتَ يَاذَا الْجَلَالِ وَالْاِكْرَامِ

(၃၄) တမန်တော်မြတ် (ﷺ) သခင်သည် နမားဇ်ပြီး၍ စလာမ် လှည့်သောအခါ အိစ်တိဂ်ဖွာရ် (၃)ကြိမ် ဖတ်ရွတ်တော်မူပြီး (اَللّٰهُمَّ اَنْتَ السَّلَامُ وَمِنْكَ السَّلَامُ تَبَارَكْتَ يَاذَا الْجَلَالِ وَالْاِكْرَامِ ) ဤဒုအာကို အဆုံးတိုင် ရွတ်ဖတ်တော်မူလေသည်။

♦♦♦♦

## باب الانفاق လှူဒါန်းသုံးစွဲခြင်းအခန်း

﴿٣٥﴾ قَالَ اللهُ تَعَالٰى اَنْفِقْ يَا ابْنَ اٰدَمَ اُنْفِقْ عَلَيْكَ

(၃၅) အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်။ အို- လူသား အသင်သည် အရှင်မြတ်လမ်းတော်၌ လှူဒါန်းသုံးစွဲပါလေ။ ငါအရှင်မြတ်ကလည်း အသင့်အတွက် သုံးစွဲတော်မူမည် ဖြစ်ပေသည်။

♦♦♦♦

﴾٣٦﴿ اَلسَّخِىُّ قَرِيْبٌ مِّنَ اللهِ قَرِيْبٌ مِّنَ الْجَنَّـةِ قَرِيْبٌ مِّنَ النَّاسِ بَعِيْدٌ مِّنَ النَّارِ وَالْبَخِيْلُ بَعِيْدٌ مِّنَ اللهِ بَعِيْدٌ مِّنَ الْجَنَّـةِ بَعِيْدٌ مِّنَ النَّاسِ قَرِيْبٌ مِّنَ النَّارِ

(၃၆) ပေးကမ်းရက်ရောသူသည် အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သည်။ ဂျန္နသ်နှင့် နီးသည်၊ လူများနှင့် နီးကပ်သည်၊ ဂျဟန္နမ်နှင့် ဝေးကွာသည်။

ငင်းပြင် စေးနဲတွန့်တိုသူသည် အလ္လာဟ်အရှင်မြတ်နှင့် ဝေးသည်၊ ဂျန္နသ်နှင့် ဝေးလံသည်။ လူများနှင့် အလှမ်းဝေးသည်။ ဂျဟန္နမ်နှင့် နီးကပ်သည်။

♦♦♦♦

﴾٣٧﴿ وَلَجَاهِلٌ سَخِىٌّ اَحَبُّ اِلَى اللهِ مِنْ عَابِدٍ بَخِيْلٍ

(၃၇) အလ္လာဟ်အရှင်မြတ်အား (ဖွရ်ဇ်များအပြင် နဖိလ်များစွာ ခဝပ်မှု ပြုသော အာဗိဒ်)မဟုတ်သူသည်ပေးကမ်းရက်ရောလျှင် ထိုသူသည် တရား အားထုတ်သော အာဗိဒ်၊ စေးနဲတွန့်တိုသူထက်အရှင်မြတ်ထံတော်တွင်ပို၍နှစ်သက်ခြင်းခံရပေသည်။

♦♦♦♦

﴿٣٨﴾ دِيْنَارٌ اَنْفَقْتَهٗ فِيْ سَبِيْلِ اللهِ وَدِيْنَارٌ اَنْفَقْتَهٗ فِيْ رَقَبَةٍ وَدِيْنَارٌ تَصَدَّقْتَ بِهٖ عَلٰى مِسْكِيْنٍ وَدِيْنَارٌ اَنْفَقْتَهٗ عَلٰى اَهْلِكَ اَعْظَمُهَا اَجْرًا الَّذِيْ اَنْفَقْتَهٗ عَلٰى اَهْلِكَ

(၃၈) အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အသင်သုံးစွဲလိုက်သော ရွှေဒင်္ဂါး၊ ကျေးကျွန်သူကောင်းပြုရာတွင် အသင်သုံးစွဲလိုက်သော ရွှေဒင်္ဂါး၊ ဆင်းရဲသား လှူဒါန်းရာတွင် အသင်သုံးစွဲလိုက်သော ရွှေဒင်္ဂါး နှင့် အသင်၏ အိမ်သားများအတွက် အသင်သုံးစွဲလိုက်သော ရွှေဒင်္ဂါးတို့အနက် အသင့်မိသားစုအတွက် အသင်သုံးစွဲလိုက်သော ရွှေဒင်္ဂါး၏ အကျိုးဆဝါးဗ်မှာ အကြီးမားဆုံးဖြစ်ပေသည်။

♦♦♦♦

## كتاب الصوم ရိုဇာဟ်အခန်း

﴿٣٩﴾ مَنْ صَامَ رَمَضَانَ ثُمَّ اَتْبَعَهُ سِتًّامِّنْ شَوَّالٍ كَانَ كَصِيَامِ الدَّهْرِ

(၃၉) အကြင်သူသည် လမြတ်ရမ်မသွာန်၏ ရိုဇာဟ်စောင့်ထိန်း၍ တဖန် ရှောက်ဝါလ်လတွင် ၆လုံးရိုဇာဟ်ပါ တဆက်တည်း စောင့်ထိန်း လိုက်ပါက တစ်နှစ်ပတ်လုံး ရိုဇာဟ်စောင့်ထိန်းနေသူ ကဲ့သို့ အကျိုး ဆဝါးဗ် ရရှိနေမည်ဖြစ်ပေသည်။

••••

## باب الاعتكاف အေ့တေကားဖ်အခန်း

﴿٤٠﴾ اِنَّ النَّبِيَّ صَلَّى اللهُ عَلَيْهِ وَسَلَّمَ كَانَ يَعْتَكِفُ الْعَشْرَ الْاَوَاخِرَ مِنْ رَّمَضَانَ حَتّٰى تَوَفَّاهُ اللهُ ثُمَّ اعْتَكَفَ اَزْوَاجُهٗ مِنْ بَعْدِهٖ

(၄၀) တမန်တော်မြတ်(ﷺ)သည် ရမ်ဇာန်လ၏ နောက်ဆုံး (၁၀) ရက်တွင် အေ့တေကားဖ် ထိုင်တော်မူလေ့ရှိသည်မှာ အလ္လာဟ် အရှင်မြတ်က ကိုယ်တော့်အား ခေါ်ယူလိုက်သည့် နှစ်အထိ ဖြစ်ပေသည်။ တဖန် ကိုယ်တော်မြတ် မရှိသည့်နောက် ကိုယ်တော်၏ ဇနီးသည်များအေ့တေကားဖ် ထိုင်တော်မူ ပေသည်။

••••

﴿٤١﴾ خَيْرُكُمْ مَّنْ تَعَلَّمَ الْقُرْاٰنَ وَعَلَّمَهٗ

(၄၁) အသင်တို့အထဲ၌ အကောင်းဆုံးသော သူမှာ ကျမ်းမြတ် ကုရ်အာန်ကို သင်ယူပြီးနောက် သင်ကြားပို့ချသူဖြစ်ပေသည်။

♦♦♦♦

﴿٤٢﴾ اِنَّ رَجُلًا قَالَ يَارَسُوْلَ اللّٰهِ اِنِّىْ اُحِبُّ هٰذِهِ السُّوْرَةَ

قُلْ هُوَ اللّٰهُ اَحَدٌ قَالَ اِنَّ حُبَّكَ اِيَّاهُ اَدْخَلَكَ الْجَنَّـــةَ

(၄၂) ဆွဟာဗာတစ်ပါးက တမန်တော်မြတ်(ﷺ)အား လျှောက်ထားသည်မှာ 'အို - အလ္လာဟ်အရှင်မြတ်၏ တမန်တော် - ကျွန်တော်မျိုးသည် စူရာ အဟတ်ဒ်ကို ချစ်ခင်နှစ်သက်တော်မူပါသည်။ ထိုအခါ တမန်တော်မြတ် (ﷺ)က 'သင်၏ ဤစူရာကိုချစ်ခင်ခြင်းက အသင့်အား ဂျန္နသ်ဥယျာဉ်ဘုံနန်းသို့ ထည့်သွင်းပေးတော်မူမည်' ဟု မိန့်ကြားလိုက်လေသည်။

♦♦♦♦

﴿٤٣﴾ حَسِّنُوا الْقُرْاٰنَ بِاَصْوَاتِكُمْ فَاِنَّ الصَّوْتَ الْحَسَنَ يَزِيْدُ الْقُرْاٰنَ حُسْنًا

(၄၃) အသင်တို့ ကျမ်းမြတ်ကုရ်အာန်ကို သာယာလှပသော အသံများဖြင့် ရွတ်ဖတ်ကြကုန်။ အဘယ်ကြောင့်ဆိုသော် သာယာလှပသော အသံသည် ကျမ်းတော်မြတ်ကုရ်အာန်၏ လှပမှုကို တိုးပွားစေလေသည်။

♦♦♦♦

## باب الدعوات ဒုအာအခန်း

﴿٤٤﴾ لَيْسَ شَيْئٌ اَكْرَمَ عَلَى اللّٰهِ مِنَ الدُّعَاءِ

(၄၄) အလ္လာဟ်အရှင်မြတ်ထံတော်ဝယ် ဒုအာထက်သာပို၍ ဂုဏ်ပြုခြင်းခံရသော အခြားအရာမရှိပေ။

♦♦♦♦

﴿٤٥﴾ مَنْ فُتِحَ لَهٗ مِنْكُمْ بَابُ الدُّعَاءِ فُتِحَتْ لَهٗ اَبْوَابُ الرَّحْمَةِ

(၄၅) အသင်တို့အထဲမှ တစ်ဦးတစ်ယောက်အတွက် ဒုအာတောင်းခံခြင်း၏ တံခါးဖွင့်ပေးလိုက်ပြီးဆိုပါက ၎င်းသူအတွက် မဟာဂရုဏာတော်၏ တံခါးများပွင့်သွားခြင်းသည်သာ ဖြစ်ပေသည်။

♦♦♦♦

## باب التقرب ဇိကိရ်အခန်း

﴿٤٦﴾ اَحَبُّ الْكَلَامِ اِلَى اللهِ اَرْبَعٌ سُبْحَانَ اللهِ وَالْحَمْدُ لِلّٰهِ

وَلَا اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ لَا يَضُرُّكَ بِاَيِّهِنَّ بَدَأْتَ

(၄၆) အလ္လာဟ်အရှင်မြတ်ထံတော်၌ အနှစ်သက်ဆုံးသော စကားမှာ လေးခု ရှိပါသည်။ (၁) سُبْحَانَ اللهِ ဖတ်ခြင်း (၂) اَلْحَمْدُ لِلّٰهِ ဖတ်ခြင်း
(၃) لَا اِلٰهَ اِلَّا اللهُ ဖတ်ခြင်း (၄) اَللهُ اَكْبَرُ ဖတ်ခြင်းတို့ ဖြစ်သည်။ ၎င်းတို့အနက်မှ အသင်နှစ်သစ်ရာကို စဖတ်လျှင် မည်သို့မျှ နစ်နာဆုံးရှုံးမှုမဖြစ်ပေ။

♦♦♦♦

﴿٤٧﴾ اَلَا اَدُلُّكَ عَلٰى كَلِمَةٍ مِّنْ تَحْتِ الْعَرْشِ كَنْزِ الْجَنَّـةِ

لَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللهِ يَقُوْلُ اللهُ تَعَالٰى اَسْلَمَ عَبْدِىْ وَاسْتَسْلَمَ

(၄၇) တမန်တော်မြတ် (ﷺ)က ဆွဟာဗီတစ်ပါးအား 'အသင့်ကို ဂျန္နသ်၏ ဘဏ္ဍာတော်တိုက်ထဲမှ အရ်ရှ်ပလ္လင်တော်၏ အောက်၌ တည်ရှိသော ကလိမဟ်စာလုံးအား မပြသရဘူး လား' ဟု မေးတော်မူပြီး၊ ကိုယ်တော်မြတ် (ﷺ)က မိန့်ကြား တော်မူသည်မှာ ဤ(لَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللهِ) ကလိမဟ်ကို ဖတ်လိုက်လျှင် အလ္လာဟ် အရှင်မြတ်က 'ငါအရှင့်၏ ဘန်ဒဟ်

သည် ငါအရှင် အမိန့်နာခံတော်မူသည်။ ၎င်းပြင် မိမိ၏ ကိစ္စအဝဝကို ငါအရှင် အား အပ်နှင်းပေသည်’ ဟု မိန့်မြွက်တော်မူလေသည်။

♦♦♦♦

﴿٤٨﴾ كَلِمَتَانِ خَفِيْفَتَانِ عَلَى اللِّسَانِ ثَقِيْلَتَانِ فِى الْمِيْزَانِ حَبِيْبَتَانِ اِلَى الرَّحْمٰنِ سُبْحَانَ اللهِ وَبِحَمْدِهٖ سُبْحَانَ اللهِ الْعَظِيْمِ

(၄၈) ကလိမဟ်စာလုံးနှစ်လုံးသည် နှုတ်လျှာပေါ်၌ အလွန်ပေါ့ပါး၍၊ မီဇာန် ချိန်ခွင်၌အလွန်လေးလံပြီး၊ အရှင်မြတ်ထံတော်၌ အလွန်နှစ်သက်သော အရာ ဖြစ်သည်။ ၎င်းအရာနှစ်ခုမှာ- (سُبْحَانَ اللهِ وَبِحَمْدِهٖ سُبْحَانَ اللهِ الْعَظِيْمِ) ဖြစ်ပေသည်။

## باب الاستغفار အိစ်တိဂ်ဖွါရ်အခန်း

﴿٤٩﴾ وَاللهِ اِنِّىْ لَاَسْتَغْفِرُ اللهَ وَاَتُوْبُ اِلَيْهِ فِى الْيَوْمِ اَكْثَرَ مِنْ سَبْعِيْنَ مَرَّةً

(၄၉) အလ္လာဟ်၏ ကစမ် - ကျေနပ်အမှန် ငါကိုယ်တော်မြတ်သည် နေ့စဉ် အကြိမ် (၇၀)ထက် ပို၍ အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံတော်မူသည်။ အရှင်မြတ်ထံ သောင်ဗဟ်ပြုတော်မူသည်။

♦♦♦♦

﴿٥٠﴾ سَيِّدُ الْاِسْتِغْفَارِ اَنْ تَقُوْلَ اَللّٰهُمَّ اَنْتَ رَبِّىْ لَا اِلٰهَ

اِلَّا اَنْتَ خَلَقْتَنِىْ وَاَنَا عَبْدُكَ وَاَنَا عَلٰى عَهْدِكَ وَوَعْدِكَ مَا اسْتَطَعْتُ

اَعُوْذُ بِكَ مِنْ شَرِّ مَا صَنَعْتُ اَبُوْءُ لَكَ بِنِعْمَتِكَ عَلَىَّ وَاَبُوْءُ بِذَنْبِىْ

فَاغْفِرْ لِىْ فَاِنَّهٗ لَا يَغْفِرُ الذُّنُوْبَ اِلَّا اَنْتَ قَالَ وَمَنْ قَالَهَا مِنَ النَّهَارِ

مُوْقِنًا بِهَا فَمَاتَ مِنْ يَّوْمِهٖ قَبْلَ اَنْ يُّمْسِىَ فَهُوَ مِنْ اَهْلِ الْجَنَّةِ

وَمَنْ قَالَهَا مِنَ اللَّيْلِ وَهُوَ مُوْقِنٌ بِهَا فَمَاتَ قَبْلَ اَنْ يُّصْبِحَ

فَهُوَ مِنْ اَهْلِ الْجَنَّةِ

(၅၀) အိစ်တိဂ်ဖွာရ်တို့၏ ခေါင်းဆောင်မှာ ဤသို့ ရွတ်ဆိုခြင်း ဖြစ်သည်။

اَللّٰهُمَّ --------- لَا يَغْفِرُ الذُّنُوْبَ اِلَّا اَنْتَ

အကြင်သူတစ်ဦးတစ်ယောက်သည် နေ့အချိန်၌ ဤ အိစ်တိဂ်ဖွာကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်လိုက်လျှင် ညအချိန် မရောက်မီကွယ်လွန် ပါက ၎င်းသူသည် ဂျန္နသ်သီ ဖြစ်ပေသည်။

ထိုနည်းတူ အကြင်သူသည် ဤအိစ်တိဂ်ဖွာရ်ကို ညအချိန်၌ ယုံကြည်စွာဖြင့် ရွတ်ဖတ်လိုက်လျှင် နံနက်မရောက်မီ ကွယ်လွန်ပါက ၎င်းသူသည် ဂျန္နသ်သီဖြစ်ပေသည်။

# အစ္စလာမ့်ယဥ်ကျေးမှု

## (ခ) သလာဝသေကုရ်အာန်၏ ရှိသေသမှုများ

၁။ သန့်ပြန့်စင်ကြယ်စွာဖြင့် ဝုဇူပြုပြီး ဖတ်ရမည်။

၂။ ကိဗ်လဟ်ဖက်သို့ မျက်နှာမူကာ ထိုင်ပြီး ရွတ်ဖတ်ရမည်။

၃။ ဦးခေါင်းကိုညွတ်၍ ရိုကျိုးစွာ ထိုင်ရမည်။

၄။ စိတ်ပါဝင်စားစွာဖြင့် ရွတ်ဖတ်ရမည်။

၅။ ဟောဒါယသ်တောင်းခံသော အနေဖြင့် ရွတ်ဖတ်ရမည်။

၆။ ပြစားမှုဖြင့် မဖတ်ရပေ။

၇။ သင်္ကျဝီးဒ်နှင့် သင်္ဂါသီးလ်တို့အား ဂရုစိုက်၍ ဖတ်ရမည်။

၈။ အသံအား အကျယ်ကြီးလည်းမဟုတ်၊ တိုးတိုးလေးလည်း မဟုတ်ဘဲ အလယ်အလတ်အသံဖြင့် ဖတ်ရမည်။

၉။ ကျမ်းမြတ်ကုရ်အာန်၏ အမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံး၍ မိမိသက်တမ်းကို ပြောင်းလဲမည်ဟု ရည်ရွယ်လျှက် ဖတ်ရမည်။

၁၀။ ရဟ်မသ်၏ အာယသ်တော်များ၊ မဂ်ဖွေရသ်၏အာယသ်တော်များ၊ ဂျန္နသ်၏ အာယသ်တော်များအား ရွတ်ဖတ်လျှင် ပျော်ရွှင်မှု၏ လက္ခဏာအသွင်ဆောင်ရမည်။

၁၁။ အရှင်မြတ်၏ဒေါသ၊ ဂျဟန္နမ်၏ အာယသ်တော်များရွတ်ဖတ်လျှင် ထိတ်လန့်ကြောက်ရွံ့နေရမည်။ နောင်တရသည့်အသွင်ဆောင်ရမည်၊ ငိုရမည်။

၁၂။ အသံကောင်းကောင်းဖြင့် ဖတ်ရမည်။

၁၃။ ကျမ်းရှင်အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို စိတ်ထဲ၌ထား၍ ဖတ်ရမည်။

၁၄။ ရွတ်ဖတ်နေစဉ် မိမိ၏နားများကို စွင့်၍ နားထောင်နေရမည်။

၁၅။ ရွတ်ဖတ်ပြီးလျှင် အောက်ပါဒုအာကို တောင်းခံရမည်။

اَللّٰهُمَّ ارْزُقْنِى التَّفَكُّرَ وَالتَّدَبُّرَ بِمَا يَتْلُوهُ لِسَانِى مِنْ كِتَابِكَ وَالْفَهْمَ لَهٗ

وَالْمَعْرِفَةَ بِمَعَانِيْهِ وَالنَّظَرَ فِىْ عَجَائِبِهٖ وَالْعَمَلَ بِذَالِكَ مَا بَقِيْتُ

اِنَّكَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ○

**အဓိပ္ပာယ်** - အိုအရှင် - ကျွန်တော်မျိုးအရှင့်၏ ကျမ်းတော်မှ ရွတ်ဖတ်ခဲ့သော အာယသ်တော်များတွင် ကျွန်တော်မျိုးအား စဉ်းစားတွေးခေါ်နိုင်သော၊ နားလည်သဘောပေါက်နိုင်သော စွမ်းအား ချီးမြှင့်တော်မူပါ။ ၎င်း၏အလိုသဘောများကို သိနားလည်မှု ချီးမြှင့်တော်မူပါ။ ၎င်း၏ထူးခြားမှုဝိသေသများ ကို တွေ့မြင်နိုင်သော စွမ်းအား ပေးတော်မူပါ။ ကျွန်တော်မျိုး သက်ရှိထင်ရှားနေသရွေ့ ၎င်း၏ အမိန့်တော်များအပေါ် လက်တွေ့ကျင့်သုံးနိုင်သည့် စွမ်းအားချီးမြှင့် တော်မူပါ။ ဧကန် အမှန်အရှင်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင် တော်မူသော အရှင် ဖြစ်ပေသည်။

၁၆။ ရွတ်ဖတ်မည့်အလျင် မိးစ်ဝါးက်တံပူစားရမည်။

၁၇။ ရွတ်ဖတ်မည့်အလျင် အလ္လာဟ်အရှင်မြတ်ထံ၌ ရှိုင်တာန်မိစ္ဆာ၏ ဘေးရန်မှလွတ်ကင်းရန်ဆုပန်ရမည်။ သဘောမှာ အအူဇိုအဆုံးထိဖတ်ရမည်။

၁၈။ စူရာသောင်ဗဟ်မှ လွဲ၍ ကျန်သောစူရာများ၏အစတွင် ဗိစ်မိလ္လာဟ်ဖတ်ရမည်။

၁၉။ စိဂ်ျဒဟ်ပါသော အာယသ်တော်များ၌ စိဂ်ျဒဟ်ပြုရမည်။

၂၀။ သေလာဝသ်လုပ်နေစဉ်အတွင်း ရယ်မောခြင်း၊စကားပြောခြင်း၊ အကျိုးမဲ့လုပ်ငန်းများ၌ နစ်မွန်းခြင်းတို့မှ ရှောင်ကျဉ် ရမည်။

## (၂) နမားဇ်ဝတ်ပြုခြင်း၏ ရှိသေသမှုများ

၁။ နမားဇ်ဝတ်ပြုရန် သန့်ရှင်းစင်ကြယ်မှုကို အထူးဂရုပြုရမည်။

၂။ မိစ်ဝါးက်တံပူစားခြင်းနှင့် တကွ ဝူဇူပြုရမည်။

၃။ သန့်ပြန့်စင်ကြယ်သော၊ ယဉ်ကျေးသိမ်မွေ့သော အဝတ်အစား ဝတ်ဆင်၍ ဝပ်ပြုရမည်။

၄။ နမားဇ်၏ အချိန်အား ဂရုစိုက်ရမည်။

၅။ အမြဲတမ်း ဂျမာအသ်ဖြင့် ဝတ်ပြုရမည်၊ အကယ်၍ ဂျမာအသ် မမီပါက ဖွရ်ဇ်နမားဇ်အား ဗလီဝတ်ကျောင်း တော်၌သာ ဝတ်ပြုရမည်။

၆။ ရုကူအ်၊ စိဂ်ျဒဟ်၊ ကောင်မဟ်၊ ဂျလ်စဟ် အစရှိသည် တို့ကို အေးဆေးတည်ငြိမ်စွာဖြင့် ဆောင်ရွက်ရမည်။

၇။ စိဂ်ျဒဟ်နှစ်ခုအကြား ဂျလ်စဟ်ထိုင်စဉ် အောက်ပါဒုအာအား အချိန်ရလျှင် ဖတ်ရမည်။

اَللّٰهُمَّ اغْفِرْلِيْ وَارْحَمْنِيْ وَاهْدِنِيْ وَجْبُرْنِيْ وَعَافِنِيْ وَارْزُقْنِيْ

**အဓိပ္ပာယ်** - အိုအရှင် - ကျွန်တော်မျိုးအား လွတ်ငြိမ်းချမ်းသာခွင့် ချီးမြှင့် တော်မူပါ။ ၎င်းပြင်ကျွန်တော်မျိုးအား သနားကြင်နာတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးအား ဖြောင့်မတ် မှန်ကန်သော လမ်းကြောင်းပေါ် လျှောက်လှမ်းစေတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးအား နှိမ့်ကျသော အခြေအနေမှ ဝေးကွာစေတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးအား ရိဇိ စားနပ်ရိက္ခာ ချီးမြှင့်တော်မူပါ။

၈။ အဇါန်အသံကြားသည်နှင့် နမားဇ်အတွက်ပြင်ဆင်မှု ပြုရမည်။ ဝုဇူပြုပြီး ဗလီသို့ ရောက်သွားရမည်။

၉။ နမားဇ်ဝတ်မပြုမီ ဗလီ၌ ဂျမာအသ်လိုင်းတွင် ထိုင်ကာ ဂျမာ အသ်ရပ်ချိန်အား စောင့်မျှော်နေရမည်။

၁၀။ နမားဇ်၌ အလ္လာဟ်အရှင်မြတ်၏ ကြောက်ရွံ့မှု၊ ကြီးကျယ်မှု တို့အား ရင်ဝယ်ပိုက်ကာ စိတ်အာရုံစူးစိုက်၍ ဝတ်ပြုရမည်။

၁၁။ နမားဇ်အတွင်း၌ အကြောင်းမဲ့လက်၊ခြေလှုပ်ရှားခြင်း၊ခန္ဓာကိုယ် အား ကုပ်ခြင်း၊ မုတ်ဆိတ်အား ဆော့ကစားနေခြင်း၊ နှာခေါင်း အတွင်း လက်ချောင်းထည့်ခြင်း၊ အဝတ်အစားအား သိမ်းခြင်း တို့သည် အရိုအသေမဲ့အပြုအမူများဖြစ်သောကြောင့် လုံးဝ ရှောင်ရှားရမည်။

၁၂။ နမားဇ်အားဖြင့် အရှင်မြတ်နှင့် နီးကပ်မှုကို ရယူရမည်။

၁၃။ နမားဇ်ဖတ်နေစဉ် ကျွန်တော်သည် အရှင်မြတ်ကို မြင်နေသည်ဟု မှတ်ယူပြီး ဝတ်ပြုရမည်။ (သို့) အရှင်မြတ်က မိမိအားမြင်နေသည်ဟု မှတ်ယူကာ ဝတ်ပြုရမည်။

၁၄။ နမားဇ်၏ပြင်ပ၌လည်း နမားဇ်အတွင်း၌ အရှင့်အမိန့်နာခံသကဲ့သို့ ကျင့်ကြံနေထိုင်ရမည်။

၁၅။ နမားဇ်၌ ကေရာအသ်၊ သတ်စ်ဗီးဟ်၊ သပ်က်ဗီးရ်အစရှိသည်တို့ကို ဖြေးဖြေး၊ မှန်မှန် နှင့် အာရုံစူးစိုက်၍ ဖတ်ရမည်။

၁၆။ နမားဇ်ပျက်ကွက်မှုမရှိအောင် ကြိုးစားရမည်။

၁၇။ ဖွရ်ဇ် နမားဇ်ပြီးတိုင်း أَسْتَغْفِرُ اللهَ (၃) ကြိမ်ရွတ်ဆိုရမည်။

၁၈။ ဂျမာအသ်ရပ်ချိန်လိုင်းများကို ဖြောင့်တန်းစွာ စီတန်းရမည်။

၁၉။ ကလေးများကို လူကြီးများအနောက်၌ ရပ်စေရမည်။

၂၀။ နမားဇ်ပြီးလျှင် အောက်ပါဒုအာအား တောင်းခံရမည်။

اَللّٰهُمَّ اَنْتَ السَّلَامُ وَمِنْكَ السَّلَامُ تَبَارَكْتَ يَاذَا الْجَلَالِ وَالْاِكْرَامِ

**အဓိပ္ပာယ်** - အို-အရှင် -အရှင်သည် ငြိမ်းချမ်းသာယာသောအရှင်ဖြစ်သည်။ ၎င်းပြင် ငြိမ်းချမ်းသာယာမှုအပေါင်းသည်လည်း အရှင့်ဘက်တော်မှ ဖြစ်ပါသည်။ အရှင်သည် ကောင်းခြင်းမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသူဖြစ်သည်။ အို - ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်၊ ၎င်းပြင်ပေးကမ်းချီးမြှင့်တော်မူသောအရှင်။

## (၃) ဝတ်စားဆင်ယင်မှု၏ ရှိသေသမှုများ

၁။ မိမိ၏ အရှက်သိက္ခာ၊ မွန်မြတ်မှု၊ ကိုယ်ခန္ဓာ၏လုံခြုံမှု တို့ကို ဖြည့်စွမ်းပေးသော အဝတ်အစားကို ဝတ်ဆင်ရမည်။

၂။ အဝတ်အစားမှာ ယဉ်ကျေးမှုနှင့် ကိုက်ညီပြီး၊ လှပတင့်တယ်မှုလည်းရှိရမည်။

၃။ လုံခြုံမှုမရှိသော၊ ပျက်ရယ်ပြုခြင်းခံထိုက်သောအဝတ်အစားမျိုးမှ ရှောင်ရှားရမည်။

၄။ အဝတ်အစားဝတ်ဆင်သောအခါ ဤစည်းစိမ်သည် လူသားမှ အပအခြားမည်သည့် အဖန်ဆင်းခံကိုမျှမချီးမြှင့်သော စည်းစိမ်ဖြစ်သည်ဟု စဉ်းစားတွေးခေါ်ကာ အရှင်မြတ်အား ကျေးဇူးတင်ရှိမှုပြုရမည်။

၅။ တရားတော်၏ ရှုထောင့်အရ ရှောင်ကြဉ်မှုတရားရရှိသူများ၏ အဝတ်အစားအား ဝတ်ဆင်ရမည်။

၆။ အမျိုးသားများသည် အမျိုးသမီးဝတ်ဆင်သော အဝတ်အစား မဝတ်ဆင်ရပေ၊ အမျိုးသမီးများသည် အမျိုးသားများဝတ်ဆင်သော အဝတ်အစားအား မဝတ်ဆင်ရပေ။

၇။ အဝတ်အစားအသစ်ဝတ်ဆင်သောအခါ အဝတ်စ၏ အမျိုးအမည်ကို ပြောပြီးအရှင်မြတ်အား ကျေးဇူးတင် ရှိရမည်။

၈။ အဝတ်အစားအသစ်ဝတ်ဆင်သောအခါ အောက်ပါဒုအာအား ရွတ်ဆိုတောင်းခံရမည်။

اَللّٰهُمَّ لَكَ الْحَمْدُ اَنْتَ كَسَوْتَنِيْهِ اَسْئَلُكَ خَيْرَهٗ وَخَيْرَ مَا صُنِعَ لَهٗ

وَاَعُوْذُبِكَ مِنْ شَرِّهٖ وَشَرِّ مَا صُنِعَ لَهٗ

**အဓိပ္ပာယ်** - အို-အရှင် - **အရှင့်အား ကျေးဇူးတင်ရှိပါ၏၊** အရှင်သည် ကျွန်တော်မျိုးအား **ဤအဝတ်အစားကို** ဝတ်ဆင်ပေးတော်မူသည်။ ကျွန်တော်မျိုးသည် **အရှင့်ထံတော်မှ** ၎င်းအဝတ်အစား၏ ကောင်းခြင်းကို တောင်းခံပါ၏။ **၎င်းပြင် ဤအဝတ်အစား၏** ထုတ်လုပ်ထားရှိသော ရည်ရွယ်ချက်**ကောင်းများကိုလည်း အရှင့်ထံမှ တောင်းခံ**ပါ၏။ ၎င်းပြင် ကျွန်တော်မျိုး**သည် ဤအဝတ်အစား၏ ဆိုးကျိုးများနှင့်** ဤအဝတ်အစား၏ ထုတ်လုပ်**ထားရှိသော ဘေးထွက်ဆိုးကျိုးများမှ**လည်း လွတ်ကင်းရန် **အရှင့်ထံတော်**တွင် ခိုလှုံမှုရယူပါ၏။

၉။ အင်္ကျီ၊ လုံချည်ဝတ်**ဆင်သောအခါ ညာဖက်မှ စတင်ရမည်။**

၁၀။ အဝတ်အစားမဝတ်**ဆင်မီ ခါလိုက်ရမည်။ သို့မှသာ အဝတ်** အစားအတွင်း၌ **အဆိပ်ရှိသော တိရစ္ဆာန်တစ်ကောင်ကောင်** ရှိ၊ မရှိကို သိနိုင်ပေမည်။

၁၁။ အမျိုးသားများမှာ **အင်္ကျီအဖြူရောင်ကိုရွေးချယ်ဝတ်ဆင်ရမည်။**

၁၂။ အမျိုးသားများမှာ **အင်္ကျီ၊ လုံချည်၊ ဘောင်းဘီတို့ကို ခြေမျက်စိ** အောက်ထိမဝတ်**ဆင်ရပေ။ ထိုသို့ ခြေမျက်စိအောက်ဝတ်ဆင်** ပါက ၎င်းအစိတ်**အပိုင်းအား ဂျဟန္နမ်မီးလောင်ကျွမ်းခြင်း** ခံရမည် ဖြစ်သည်။

၁၃။ အမျိုးသားများ ပိုးထည်ဝတ်ဆင်ခြင်း မပြုရပေ။

၁၄။ လုံချည်ဝတ်ဆင်ပြီးလျှင် လမ်းလျှောက်သောအခါ၊ ထိုင်သောအခါ၊ လဲလျောင်းသောအခါတို့တွင် ဒူးအထက်ပိုင်းအထိမ၍ လျှောက်ခြင်း၊ ထိုင်ခြင်း မပြုရပါ။

၁၅။ အမျိုးသမီးများမှာ မိမိ၏ ဦးခေါင်းနှင့် ရင်ဘတ်ကို ဖုံးစေသော ပုဝါတစ်ထည်ဆောင်းထားရမည်။ ၎င်းပုဝါမှာလည်း ပါးလွှာမှု မရှိစေရပါ။

၁၆။ အမျိုးသမီးများမှာ ပါးလွှာသော အဝတ်အစား၊ ကိုယ်ခန္ဓာ၏ အချိုးအဆစ်ပေါ်လွင်နေသည့် တင်းကြပ်သော အဝတ်အစားများမှ ရှောင်ရှားရမည်။

၁၇။ လူတိုင်းသည် မိမိတို့၏ အခြေအနေအဆင့်အတန်းနှင့် ကိုက်ညီသော အဝတ်အစား ဝတ်ဆင်ရမည်၊ ချောင်လည်ပါလျှက် ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အစားကို ဝတ်ဆင်ပြီး၊ မိမိကိုယ်ကို သာသနာ့ကိုင်းရှိုင်း၍ ဤသို့ပြုမူ သည်ဟု ထင်မြင်ခြင်းသည် မှားပေသည်။

၁၈။ အနီရောင်၊ အမဲရောင်နှင့် အရောင်တောက်ပနေသော အဝတ်အစားများ ဝတ်ခြင်းမှ ရှောင်ကြဉ်ရမည်။

၁၉။ အဝတ်အစားမရှိသူများအားလည်း အရှင်မြတ်၏ စည်းစိမ်တော်ကို ကျေးဇူးဆပ်သောအနေဖြင့် အဝတ်အစားဝတ်ဆင်ပေးရမည်။

၂၀။ မိမိလက်အောက်ငယ်သားများအားလည်း ကောင်းမွန်သော အဝတ်အစားများဝတ်ဆင်ပေးရမည်။

## (၄) စားသောက်ခြင်း၏ ရှိသေသမှုများ

၁။ စားသုံးမည့်အလျှင်လက်ဆေးရမည်။

၂။ بِسۡمِ اللّٰهِ ဆို၍ စားသောက်ရမည်။

၃။ အကယ်၍ بِسۡمِ اللّٰهِ ဖတ်ရန်မေ့သွားပါက
بِسۡمِ اللّٰهِ اَوَّلَهٗ وَاٰخِرَهٗ ဖတ်လိုက်ရမည်။

၄။ မှီ၍ စားသုံးခြင်းမပြုရပေ။

၅။ ရိုကျိုးစွာဖြင့် ဒူးနှစ်ဖက်ထောင်ကာဆောင့်ကြောင့်ထိုင်ပြီး စားသုံးရမည်။ (သို့) ခြေတစ်ဖက်ခင်းပြီး၊ အခြားခြေတစ်ဖက် ထောင်ကာ စားသုံးရမည်။

၆ အမြဲတစေညာလက်ဖြင့် စားသုံးရမည်၊ လိုအပ်ပါက ဘယ်လက်ဖြင့်လည်း အကူအညီရယူနိုင်ပါသည်။

၇။ လက်ချောင်းသုံးချောင်းဖြင့် စားသုံးရမည်။ အကယ်၍ လက်ချောင်းလေးချောင်းလိုအပ်ပါက လက်သန်းကိုဖယ်၍ ကျန်လေးချောင်းဖြင့် စားသုံးရမည်။ လက်ချောင်းကလေးများ၏အရင်းထိပေကျံအောင် မပြုရပေ။

၈။ အလုတ်ကြီးကြီး မယူပါနှင့်၊ အလုတ်သေးသေးလည်း မယူပါနှင့်၊ ပထမတစ်လုတ်ကုန်အောင်စားလိုက်ပြီးမှ ဒုတိယ အလုတ်ထပ်ယူပါ။

၉။ လင်ပန်းတစ်ခုတည်း၌ စုပြီးစားသုံးကြသည်ဆိုလျှင် မိမိ၏ အနားမှ အစားအစာအား ယူ၍စားသုံးရမည်။ အလယ်မှ သော်လည်းကောင်း၊ အခြားသူ၏ ဖက်မှသော်လည်းကောင်း မယူရပေ။

၁၀။ အကယ်၍ သစ်သီးဝလံမျိုးစုံထည့်ထားလျှင်သော်လည်း ကောင်း၊ သစ်သီးတစ်မျိုးတည်းကိုသာ အစိမ်း၊ အမှည့် ရော၍ သော်လည်းကောင်း ထည့်ထားပါက မိမိနှစ်သက်ရာကို ယူ၍ စားသုံးနိုင်ပေသည်။

၁၁။ ထမင်းစေ့ကျသွားလျှင် ကောက်ယူ၍ သန့်ပြန့်အောင်လုပ်ပြီး စားလိုက်ရမည်။

၁၂။ အစားစားချိန်တွင် စုပေါင်း၍စားသုံးရမည်။ သို့မှသာ ချစ်ခင်မှု ဖြစ်မည်။ ဘရ်ကသ်လည်းရှိမည် ဖြစ်သည်။

၁၃။ ပူလောင်နေသောအစားအသောက်များကိုမစားသောက်ရပေ။

၁၄။ စားသောက်နေချိန်နောက်ပြောင်ကျီစည်ခြင်း၊ စကားများများ ပြောခြင်းတို့မှ ရှောင်ကြဉ်ရမည်။

၁၅။ မလိုအပ်ပဲအစားအစာအား အနံ့ခံကြည့်ခြင်းမပြုရပေ။

၁၆။ စားသောက်နေစဉ်အတွင်း မကြာခဏပါးစပ်ဟခြင်း မပြုရပေ။ ဤသို့ပြုမူပါက ဝါးနေသော အစားအစာများအားအခြား သူများတွေ့မြင်လျှင် ရွံရှာမှုဖြစ်လိမ့်မည်။ ဤကဲ့သို့ပင် ပါးစပ် အတွင်းသို့ လက်ထည့်ပြီးသွားကြားထဲမှာ ညပ်နေသော အစာ

များကိုလည်း မကြာမကြာထုတ်ယူခြင်းမပြုရပေ။ အနား၌ စားသုံးနေသူများရွံရှာမှုဖြစ်လိမ့်မည်။

၁၇။ အစားအစာအားထိုင်၍စားသောက်ရမည်။ တစ်ခါတစ်ရံ သစ်သီးများကို အရေးကြုံလျှင် မတ်တပ်ရပ်၍လည်း စားသုံးနိုင်ပေသည်။

၁၈။ ပန်းကန်၌ ကျန်ရှိသောအရာများမှာ အရည်ဖြစ်လျှင် သောက်သုံးလိုက်ရမည်။ သို့မဟုတ်ပါက လက်ဖြင့်သုတ်စား၍ ပန်းကန်ကို သန့်ရှင်းလိုက်ရမည်။

၁၉။ အစားအသောက်များမှာ ပူလောင်နေလျှင်ပါးစပ်ဖြင့် မမှုတ်ရပေ၊ အဘယ်ကြောင့်ဆိုသော် ပါးစပ်မှထွက်သော လေသည် ညစ်ညမ်းပြီး အဆိပ်ဓါတ်ပါရှိသည်။

၂၀။ ရေသောက်သောအခါ သုံးကြိမ်သုံးခါနား၍ သောက်ရမည်။ **بِسۡمِ اللّٰهِ** ဆို၍သောက်ရမည်။ ရေကိုကြည့်ရမည်။ သောက်ပြီးလျှင် **اَلۡحَمۡدُ لِلّٰهِ** ဖတ်ရမည်။

၂၁။ စုပေါင်း၍ စားသောက်သောအခါ အချိန်ကြာကြာစားသုံးသူများနှင့် ဖြေးဖြေးစားသုံးသူများကို ထောက်ထားမှုပြုရမည်။ ၎င်းတို့အားလုံးနှင့်အတူ မိမိလည်းစောင့်၍ စားရမည်။

၂၂။ စားသုံးပြီးသောအခါ လက်များကို စုပ်စားရမည်။ ဦးစွာ လက်ခလယ်၊ ပြီးလျှင် လက်သူကြွယ်၊ ပြီးလျှင်လက်သန်း တို့ကို စုပ်ရမည်။ ပြီးမှ လက်မနှင့် လက်ညှိုးတို့ကို ယှက်ရမည်။

၂၃။ အသီးအနှံစားသုံးလျှင် တစ်ကြိမ်တည်းတွင် အသီးနှစ်လုံး၊ အစိတ်နှစ်စိတ်မယူရပေ။

၂၄။ နှုတ်သီးပါသော လိုတာအိုး၊ ရေတကောင်းတို့မှ ရေမသောက်ရပါ။ ရေသောက်နေစဉ် ရေကို မြင်တွေ့နိုင်သောခွက်၊ ပန်းကန်တို့ဖြင့်သောက်ရမည်။ သို့မှသာ အမှိုက်၊ ပိုးကောင်စသည်တို့ကို ဖယ်ရှားနိုင်ပေမည်။

၂၅။ စားသောက်ဖွယ်ရာများကို အပြစ်မပြောရပေ။ မနှစ်သက်ပါက မစားပဲ ချန်လှပ်ထားလိုက်ရမည်။

၂၆။ တစ်စုံတစ်ရာအခင်း (ဒတ်စ်သရ်ခါးန်) ခင်းပြီး စားသောက်ရမည်။

၂၇။ နေ့လည်စာ စားပြီးနောက် အနည်းငယ်လဲလျောင်းရမည်။ သဘောမှာ (ကိုင်လူလာ)လုပ်ရမည်။ ညစာစားပြီးလျှင် အနည်းငယ် လမ်းလျှောက်ရမည်။

၂၈။ ရွှေ၊ ငွေဖြင့် ပြုလုပ်ထားသော ပန်းကန်၊ ခွက်ယောက်တို့ဖြင့် စားသောက်ခြင်း မပြုရပေ။

၂၉။ စားသောက်ပြီးသောအခါ ထိုပန်းကန်ထဲတွင် လက်ဆေးခြင်း မပြုရပေ။

၃၀။ စုပေါင်းစားသောက်သောအခါ သက်ကြီး၊ ဝါကြီး ပုဂ္ဂိုလ်များကို စောင့်ဆိုင်းပြီးမှ စားသောက်ရမည်။

၃၁။ စားသောက်ပြီးလျှင် အချိုတစ်ခုခုစားသုံးသင့်ပေသည်။

၃၂။ အသားဟင်းအား ရက်(၄၀)ဆက်တိုက် မစားအပ်ပေ၊ အဘယ်ကြောင့်ဆိုသော် ဤသို့စားသုံးခြင်းဖြင့် နှလုံးသား မာကျောစေသည်။

၃၃။ ပါးစပ်ထဲမှ၊ သွားကြားထဲမှ စားကြွင်းစားကျန် ထွက်လာလျှင် ပါးစပ်အတွင်း၌သာ ရှိနေပါက မျိုချနိုင်သည်။ အပြင်သို့ ထွက်လာပါက လွှင့်ပစ်ရမည်။

၃၄။ အစားအစာကို ဝမ်းဗိုက်ပြည့်တင်းသွားသည်အထိ မစားသုံးရပေ။

၃၅။ ဟလာလ်သန့်ပြန့်သော အစားအသောက်များကိုသာ စားသောက်ရမည်။ ဟရာမ်အစားအသောက်များမှ ရှောင်ကြဉ်ရမည်။

၃၆။ စားသောက်သည့်အခါ တစ်ဦးတစ်ယောက်အား မိမိနှင့်အတူ စားသောက်ရန် ဖိတ်ခေါ်ပါက အလွန်မွန်မြတ်လေသည်။

၃၇။ လက်တစ်ဖက်ဖြစ်စေ၊ နှစ်ဖက်ဖြစ်စေ ထောက်၍ အစားစားသုံးခြင်း မပြုရပေ။

၃၈။ အစားအစာစားသောက်နေစဉ်
မကြာခဏ اَللّٰهُمَّ لَكَ الْحَمْدُ وَلَكَ الشُّكْرُ ဒုအာကိုဖတ်ပြီး အရှင်မြတ်အား ကျေးဇူးတင်ရှိမှု ပြုရမည်။

၃၉။ ရေချိုးရန် တာဝန်ရှိနေသူသည် မျက်နှာ၊ လက်တို့ကို ဆေးကြောပြီးမှအစားစားသုံးသင့်ပေသည်။သို့မဟုတ်ပါက မက္ကရူးဟ်ဖြစ်မည်။

၄၀။ စားပြီးသောအခါ အောက်ပါဒုအာကို ရွတ်ဆိုရမည်။

اَلْحَمْدُلِلّٰهِ الَّذِىْ اَطْعَمَنَا وَسَقَانَا وَجَعَلَنَا مِنَ الْمُسْلِمِيْنَ

**အဓိပ္ပာယ်** - ချီးမွမ်းထောပနာအပေါင်းသည် ထိုအရှင်မြတ်အတွက်သာလျှင် ဖြစ်သည်။ အကြင်အရှင်မြတ်က ကျွန်တော်မျိုးတို့အား ကျွေးမွေးတော်မူသည်။ ၎င်းပြင် တိုက်ကျွေးတော်မူသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့အား အမိန့်နာခံသူများအဖြစ် ပြုပေးသနားတော်မူသည်။

ဆက်၍ ဤဒုအာကိုလည်း ရွတ်ဆိုရမည်။

اَلْحَمْدُلِلّٰهِ الَّذِىْ هُوَاَشْبَعَنَا وَاَنْعَمَ عَلَيْنَا وَاَفْضَلَ

**အဓိပ္ပာယ်** - ချီးမွမ်းထောပနာအပေါင်းသည် ထိုအရှင်မြတ်အတွက်သာ ဖြစ်တော်မူသည်။ အကြင်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဝမ်းဝစေတော်မူသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့ အပေါ် စည်းစိမ်တော်များ ချပေးသနားတော်မူသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့အား မွန်မြတ်သူများဖြစ်အောင် ပြုပေးသနား တော်မူသည်။

## (၅) မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်း၏ ရှိသေသမှုများ

၁။ မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်းကို မိမိ၏ နှစ်ဌာန နှစ်ဘဝ၏ နဖူးစာကောင်းခြင်းဟု မှတ်ယူပါ။

၂။ မိဘနှစ်ပါးအား ကျေးဇူးတင်ရှိမှုပြုရမည်။ ၎င်းတို့၏ အကြောင်းခံဖြင့်သာ ကျွန်ုပ်တို့သည် လောကကြီးထဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။

၃။ မိဘနှစ်ပါးအား အမြဲတစေ ပျော်ရွှင်နေအောင် ထားရမည်။ ၎င်းတို့၏ မနှစ်သက်စရာကိစ္စများမှ ရှောင်ကြဉ်မှု ပြုရမည်။

၄။ မိဘနှစ်ပါး အိုမင်းမစွမ်းဖြစ်သောအခါ ၎င်းတို့ဘက်မှ တောင်းဆိုသော အရာများကို သည်းခံပြီး ဆောင်ရွက်ပေး ရမည်။

၅။ အသက်အရွယ် ကြီးသောကြောင့် တစ်ခါတစ်ရံ စကားတစ်ခုတည်းကိုပဲ ထပ်ခါထပ်ခါ မေးမြန်းနေလျှင်လည်း စိတ်ရှည်လက်ရှည် အဖြေပေးရမည်။

၆။ မိဘနှစ်ပါးအား ရိုသေလေးစားမှု ပြုရမည်။ မိဘနှစ်ပါးနှင့် ရိုင်းပြသော ဆက်ဆံမှု မပြုလေနှင့်။

၇။ မိဘနှစ်ပါးအား နာမည်တပ်၍ မခေါ်ရပေ။

၈။ မိဘနှစ်ပါး၏ အရှေ့မှ လမ်းမလျှောက်ရပါ။ လမ်းသွားလျှင် မိဘ၏ အနောက်မှ သွားရပါမည်။

၉။ ၎င်းတို့နှင့်အတူတူ ယှဉ်၍ မထိုင်ရပါ။

၁၀။ မိဘနှစ်ပါး၏ ရှေ့မှောက်၌ ကျိုးနွံစွာ နေရမည်။ ၎င်းတို့ ရှေ့၌ ဘယ်သောအခါမှ မိမိ၏ ကြီးကျယ်မှုကို မထုတ်ဖော်ရပေ။

၁၁။ မိဘနှစ်ပါးအား သိက္ခာချခြင်းမပြုရပေ။

၁၂။ မိဘနှစ်ပါးအား ချစ်ခင်နှစ်သက်သော အရှုဖြင့်ကြည့်ရမည်။ ဤသို့ကြည့်ရှုပါက အလ္လာဟ်အရှင်မြတ်လက်ခံ သဘောတူသော ဟဂ်ျတစ်ကြိမ်ပြုလုပ်သည့် အကျိုးဆဝါဗ်ရသည်ဟု တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားခဲ့ပေသည်။

၁၃။ မိဘနှစ်ပါး၏ အမိန့်အား ကိုယ်ရောစိတ်ပါ လိုက်နာရမည်။ ၎င်းတို့က အသင့်အပေါ် လွန်ကျူးလျှင်လည်း အမိန့်နာခံမှုပြုရမည်။

၁၄။ ၎င်းတို့၏ တောင်းဆိုမှုမှာ သာသနာနှင့်ဆန့်ကျင်ပါမူ လိုက်နာရန် မလိုပေ။

၁၅။ မိမိ၏ ဥစ္စာပစ္စည်းအား မိဘသာလျှင်ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူကာ ၎င်းတို့အတွက် ရက်ရက်ရောရော သုံးစွဲရမည်။

၁၆။ မိဘမှာ ကာဖိရ်ဖြစ်လျှင်လည်း ၎င်းတို့နှင့် ကောင်းမွန်စွာ ဆက်ဆံရမည်။ ခေဒ်မသ်ပြုစုရမည်။

၁၇။ မိဘနှစ်ပါးအတွက် ဝိုယ်ို၍ တစ်စိတ်တစ်လက်တည်း အရှင်မြတ်ထံ ဆုပန်နေရမည်။ ဤဒုအာကိုတောင်းခံရမည်။

رَّبِّ ارْحَمْهُمَا كَمَا رَبَّيَانِى صَغِيرًا

**အာဓိပ္ပာယ်**- အိုကျွန်တော်မျိုး၏ အရှင်၊ ၎င်းတို့မိဘနှစ်ပါးအား

သနားကြင်နာတော်မူပါ။ အကြင်ကဲ့သို့ ၎င်းတို့နှစ်ဦးသည် ကျွန်တော် ငယ်ရွယ်စဉ်က ကျွန်တော့်အား ပြုစုစောင့်ရှောက် တော်မူခဲ့ကြသည်။

၁၈။ မိခင်အား ပြုစုစောင့်ရှောက်မှုကို အထူးဂရုပြုရပေမည်။ အဘယ်ကြောင့်ဆိုသော် မိခင်သည် ဖခင်ထက်သာပို၍ အနစ်နာခံထား၍လည်းကောင်း၊ အမျိုးသမီးဖြစ်လေရာ ပင်ကိုယ်အားဖြင့် အားအင်ချိနဲ့သူဖြစ်၍လည်းကောင်း၊ တို့ကြောင့်ဖြစ်ပေသည်။

၁၉။ နို့တိုက်မိခင်အားလည်း ကောင်းမွန်စွာ ဆက်ဆံရမည်။ လေးစားရမည်။ ခေဒ်မယ်လုပ်ပေးရမည်။

၂၀။ မိဘနှစ်ပါးကွယ်လွန်သွားပြီးနောက် ၎င်းတို့အတွက် မဂ်ဖွေရသ်ဆုမွန်ဒုအာတောင်းပေးရမည်။ ကျမ်းမြတ်ကုရ်အာန်၌ အောက်ပါ ဒုအာတောင်းခံရန်လာရှိပါသည်။

رَبَّنَا اغْفِرْ لِي وَلِوَالِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ الْحِسَابُ

**အာဓိပ္ပါယ်** - အို - ကျွန်တော်မျိုးတို့၏အရှင် ကေယာမသ်ကမ္ဘာ့တရားစီရင်မည့်နေ့၌ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊ မုအ်မေနီးန် များအားလည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။

၂၁။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ၎င်းတို့မှာတမ်းခဲ့သော ဝစ္စီယသ်များအား ပြည့်ဝအောင်ဆောင်ရွက်ပေးရမည်။

၂၂။ မိဘနှစ်ပါး၏ မိတ်ဆွေ၊ အပေါင်းအသင်းများနှင့်လည်း

ကောင်းမွန်စွာ ဆက်ဆံရမည်။

၂၃။ မိဘနှစ်ပါးအား ဆဲဆိုခြင်း၊ ပြင်းထန်စွာပြောဆိုခြင်း မပြုရပါ။ ဤသို့ပြုမူပါက ၎င်းသူမကွယ်လွန်မီ လောကီ၌သာ အဇါးဗ် ပြစ်ဒဏ်ကျရောက်ပေလိမ့်မည်။

၂၄။ မိခင်၊ ဖခင်သည် ဂျန္နသ်၏ အလယ်ဗဟိုတံခါးပေါက်ပင် ဖြစ်သည်။ သို့ရှိရာ အသင်ထိုတံခါးပေါက်အား ထိန်းသိမ်းလိုက ထိန်းသိမ်းနိုင်သည်။ ဖျက်ဆီးလိုက ဖျက်ဆီးနိုင်ပေသည်။

၂၅။ မိဘနှစ်ပါးအနက်မှ အကောင်းဆုံးဆက်ဆံရမည့်သူမှာ မိခင် ဖြစ်သည်။ ပြီးမှဖခင်ဖြစ်သည်။ တမန်တော်မြတ်(ﷺ) သခင်က အကောင်းဆုံးဆက်ဆံရမည့်သူမှာ မိခင်ဟု (၃)ကြိမ် ဆက်တိုက် မိန့်ကြားပြီးမှ ဖခင်ဟု မိန့်တော်မူလေသည်။

## (၆) အိပ်စက်ခြင်း၏ ရှိသေသမှုများ

၁။ မှောင်ရီစပျိုးသောအခါ ကလေးများကို အိမ်အတွင်းသို့ ခေါ်လိုက်ရမည်။ ပြင်ပ၌မထားရပေ။

၂။ ညနေခင်းသို့ ရောက်သောအခါ အောက်ပါဒုအာကိုဖတ်ပါ။

اَللّٰهُمَّ بِكَ اَمْسَيْنَا وَبِكَ اَصْبَحْنَا وَبِكَ نَحْيَا وَبِكَ نَمُوْتُ

وَاِلَيْكَ النُّشُوْرُ

**အဓိပ္ပါယ်**- အို - အရှင် - ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ စွမ်းအားပေးမှုဖြင့်သာ ညနေခင်းသို့ ရောက်ကြပါသည်။ ၎င်းပြင်

အရှင်မြတ်၏ စွမ်းအားပေးမှုဖြင့်သာ နံနက်ခင်းသို့ ရောက်ကြပါသည်။ ၎င်းပြင် အရှင်မြတ်၏ ချီးမြှင့်မှုဖြင့်သာ ရှင်သန်နေကြပါသည်။ ၎င်းပြင် အရှင်မြတ်၏ ညွှန်ကြားမှု ဖြင့်သာ သေဆုံးကြရသည်။ ၎င်းပြင် အဆုံး၌ အရှင့်ထံတော်သို့သာ ဝင်ရောက်ခံစားကြရမည် ဖြစ်ပါသည်။

၃။ မဂ်ရိဗ်အဇာန်ဆိုချိန် ဤဒုအာဖတ်ပါ။

اَللّٰهُمَّ هٰذَا اِقْبَالُ لَيْلِكَ وَاِدْبَارُ نَهَارِكَ وَاَصْوَاتُ دُعَاتِكَ فَاغْفِرْ لِىْ

**အဓိပ္ပါယ်-** အို - အရှင် - ဤအချိန်သည် အရှင်၏ညတာ ရောက်ရှိလာသော၊ အရှင်၏ နေ့တာကျော်ဖြတ်သွားသော အရှင်၏ မုအဇ္ဇင်များ၏ဖိတ်ခေါ်သော အချိန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရှင် ကျွန်တော်မျိုးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။

၄။ အေရှာနမားဇ်အလျင် အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရမည်။

၅။ ညအချိန်ရောက်သည်နှင့် အိမ်၌မီးထွန်းရမည်။ ကိုယ်တော်မြတ်(ﷺ)သခင်သည် မီးမထွန်းသောအိမ်၌ အိပ်စက်ခြင်းမှ ရှောင်ကြဉ်တော်မူသည်။

၆။ ညဉ့်နက်သည်အထိ နိုးကြားနေခြင်းမှလည်း ရှောင်ကြဉ်ရမည်။ ညတွင် စောစီးစွာအိပ်ပြီး၊ နံနက်စောလျင်စွာထသည့် အကျင့်ပြုလုပ်ရပေမည်။

၇။ ညအချိန် နိုးကြားနေပြီး နေ့အချိန် အိပ်စက်နေခြင်းမှလည်း ရှောင်ရှားသင့်ပေသည်။

၈။ အိပ်စက်ရာတွင် အလွန်ဇိမ်ခံသော မွေ့ယာအစရှိသည်တို့ကို မသုံးစွဲသင့်ပေ။

၉။ မအိပ်မီ ဝုဇူပြုခြင်းအား အစဉ်အမြဲဆောင်ရွက်ရမည်။ မအိပ်မီ စူရ်မာဆွဲခြင်း၊ ဆီလိမ်းခြင်းပြုရမည်။

၁၀။ အိပ်သောအခါ အိမ်တံခါးများအား လုံခြုံစွာ ပိတ်ပါ။ စားသောက်ထားသော ပန်းကန်၊ ခွက်ယောက်တို့အား ဖုံးဖိထားပါ။ မီးချောင်း၊ မီးခွက်များကို ငြိမ်းသတ်ပြီးမှအိပ်ပါ။

၁၁။ အိမ်တံခါးပိတ်ချိန်၊ ပန်းကန်ခွက်ယောက်တို့အား ဖုံးဖိချိန်၊ မီးငြိမ်းချိန်တို့၌ بِسْمِ اللّٰهِ ဆိုရမည်။

၁၂။ မိမိ၏ အိပ်ယာအနီးအနား၌ သောက်ရေ၊ ဓါတ်မီး၊ မီးခြစ်၊ မိစ်ဝါးက်၊ ပုဝါတို့ကို အဆင်သင့်ထားထားရမည်။ တမန်တော်မြတ်(ﷺ)၏ အိပ်ယာအနား၌ ဆီပုလင်း၊ ဘီး၊ စွရ်မာဗူး၊ ကပ်ကျေး၊ မိစ်ဝါးက်၊ မှန်၊ ကျောကုတ်တံ စသည့်ပစ္စည်း(၇)မျိုးထားရှိလေသည်။

၁၃။ အိပ်သည့်အချိန် အင်္ကျီ၊ လုံချည်များကို အနား၌သာ ထားရမည်။ သို့မှသာ အိပ်ရာမှထလျှင် အဝတ်အစားလဲလှယ်ချိန် အခက်အခဲမဖြစ်တော့ပေ။ အိပ်ယာမှထပြီး အဝတ်အစားလဲလျှင်လည်း အင်္ကျီ၊ လုံချည်အား ခါပြီးမှ ဝတ်ဆင်ရမည်။

၁၄။ အိပ်မည့်အလျှင် အိပ်ရာအား သုံးကြိမ်ခါရမည်။ အကယ်၍ အိပ်ရာဝင်ပြီးမှ အရေးကြီးကိစ္စ ပေါ်လာသဖြင့် ထသွားပြီး ပြန်အိပ်ပါကလည်း ကောင်းစွာခါပြီးမှ အိပ်စက်ရမည်။

၁၅။ အိပ်ရာပေါ်ရောက်သောအခါ ဤဒုအာကိုဖတ်ပါ။

**اَلْحَمْدُ لِلّٰهِ الَّذِىْ اَطْعَمَنَا وَسَقَانَا وَكَفَانَا وَاٰوَانَا فَكَمْ مِّمَّنْ لَّا كَافِىَ لَهٗ وَلَا مُؤْوِىَ**

**အဓိပ္ပာယ်**- ချီးမွမ်းထောပနာအပေါင်းသည် ထိုအရှင်မြတ်အတွက်သာ ဖြစ်သည်။ အကြင်အရှင်မြတ်သည် ကျွန်တော်တို့အား ကျွေးမွေး တော်မူသည်။ တိုက်ကျွေးတော်မူသည်။ ၎င်းပြင် ကျွန်တော်တို့၏ လုပ်ငန်းများတွင် ပြည့်ပြည့်ဝဝ ကူညီတော်မူသည်။ ထို့ပြင် နေထိုင်ရန် အတွက် နေရာထိုင်ခင်းချီးမြှင့်တော်မူသည်။ များစွာသော လူများမှာမူ ၎င်းတို့အတွက် ကူညီစောင်မမည့်သူလဲ မရှိပေ။ ၎င်းပြင် နေရာ ထိုင်ခင်းချီးမြှင့်မည့်သူလဲ မရှိပေ။

၁၆။ အိပ်ရာပေါ်၌ထိုင်ပြီး ကျမ်းတော်မြတ်ကုရ်အာန်ထဲမှ စူရာ အိခ်လားဆ်၊ စူရာဖလပ်က်နှင့် စူရာနားစ် ၃-ပုဒ်ဖတ်ပြီး လက်နှစ်ဖက်ဖြင့် တစ်ကိုယ်လုံးကို (၃)ကြိမ်ပွတ်သပ်ပါ။

၁၇။ ပွတ်သပ်သောအခါ ဦးခေါင်း၊ မျက်နှာနှင့် ကိုယ်ခန္ဓာအရှေ့ပိုင်းမှ စတင်ရမည်။

၁၈။ အိပ်စက်သောအခါ ညာဖက်လက်ကို ညာဖက်ပါးအောက်၌ ထား၍ ညာဖက်သို့ စောင်း၍ အိပ်ရပေမည်။

၁၉။ ထိုသို့ လဲလျောင်းပြီးနောက် အောက်ပါဒုအာအား ဖတ်ရပေမည်။ رَبِّ قِنِى عَذَابَكَ يَوْمَ تَبْعَثُ عِبَادَكَ

**အဓိပ္ပာယ်** - အို အရှင်- အရှင်မြတ်သည် မိမိ၏ ဗန္ဒဟ်လူသားများအား ရှင်ပြန်ထစေတော်မူမည့်နေ့၌ ကျွန်တော်မျိုးအား အရှင်၏ ပြစ်ဒဏ်ခတ်ခြင်းမှ ကယ်တင်တော်မူပါ။

၂၀။ မှောက်အိပ်ခြင်းနှင့် ဘယ်ဖက်စောင်း၍အိပ်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။ ပက်လက်အိပ်ခြင်းလည်းမပြုရ။

၂၁။ အိပ်စက်သောအခါ လေကောင်းလေသန့်ဝင်ရောက်သောနေရာကို ရွေးချယ်ပါ။ အလုံပိတ်ထားသော အခန်းထဲ၌မအိပ်သင့်ပေ။

၂၂။ မျက်နှာကို စောင်ဖြင့်အုပ်၍အိပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ ဤသို့အိပ်ခြင်းဖြင့် ကျန်းမာရေးထိခိုက်စေနိုင်ပေသည်။

၂၃။ မည်မျှပင် အအေးပြင်းထန်နေစေကာမူ မီးအိမ်၊ မီးခွက်ထွန်း၍မအိပ်ရပေ။

၂၄။ အိပ်စက်မည့်အလျှင် ဤဒုအာကိုဖတ်ပါ။

اَللّٰهُمَّ بِاسْمِكَ اَمُوْتُ وَاَحْيٰى

**အဓိပ္ပာယ်** - အို အရှင် - ကျွန်တော်သည် အရှင်၏ နာမတော်ဖြင့် သေခြင်းတရား၏ ရင်ခွင်သို့ ဝင်ရောက်ပါ၏။ ၎င်းပြင် အရှင်၏ နာမတော်ဖြင့် ပြန်လည်ရှင်ထပေမည်။

၂၅။ ည၏ နောက်ဆုံးယံ၌ နိုးထရန် အလေ့အကျင့်ပြုလုပ်ရမည်။ အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်းနှင့် အရှင်မြတ်ထံ

မိမိအပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံရမည်။

၂၆။ ကောင်းသောအိပ်မက်တစ်ခုခု မြင်မက်ပါက အလ္လာဟ် အရှင်မြတ်အား ကျေးဇူးတင်ရှိမှု ပြုရမည်။

၂၇။ မကောင်းသော အိပ်မက်တစ်ခုခုမြင်မက်ပါက နိုးသည်နှင့်

**اَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ الرَّجِيْمِ**

ဖတ်ပြီး ဘယ်ဖက်သို့ (၃)ကြိမ်တံတွေးထွေးပါ။ ၎င်းပြင် တစ်ဖက်သို့ စောင်း၍ အိပ်လိုက်ပါ။

၂၈။ အိပ်မက်ကောင်းများကို အခြားသူများအား တင်ပြခွင့်ရှိသည်။ အိပ်မက်ဆိုးများအား မည်သူကိုမျှ မတင်ပြရပေ။

၂၉။ အိပ်မက်ဆိုးများမြင်မက်သောအခါ ၎င်းဘေးရန်မှ လွတ်ကင်းရန် အောက်ပါဒုအာအား ရွတ်ဆိုရမည်။

**اَعُوْذُ بِكَلِمَاتِ اللّٰهِ التَّامَّةِ مِنْ غَضَبِهِ وَعِقَابِهِ**
**وَشَرِّ عِبَادِهِ وَمِنْ هَمَزَاتِ الشَّيَاطِيْنِ وَاَنْ يَّحْضُرُوْنِ**

**အဓိပ္ပာယ်** - ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော နာမတော်များ၏ အကူအညီဖြင့် ခိုလှုံမှုရယူ ပါ၏။ ထိုအရှင်မြတ်၏ အမျက်ဒေါသမှ၊ ထိုအရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခြင်းမှ၊ ထိုအရှင်၏ ဗန္ဒာဟ်ကျေးကျွန်များ၏ မကောင်းခြင်းမှ၊ ရှိုင်တာန်မိစ္ဆာများ၏ ထင်ယောင်ထင်မှား ဖြစ်စေခြင်းမှ၊ ၎င်းပြင် ထိုမိစ္ဆာများ၏ ကျွန်တော့်ထံ ရောက်ရှိလာခြင်းမှ။

၁၀။ အိပ်ရာမှထသောအခါ အောက်ပါဒုအာကိုဖတ်ပါ။

اَلْحَمْدُ لِلّٰهِ الَّذِىْ اَحْيَانَا بَعْدَمَا اَمَاتَنَا وَاِلَيْهِ النُّشُوْرُ

**အဓိပ္ပာယ်** - ချီးမွမ်းထောပနာအပေါင်းသည် ထိုအရှင်မြတ်အတွက်သာဖြစ်သည်။ အကြင်အရှင်မြတ်သည် ကျွန်တော်မျိုး တို့အား ဝိညာဉ်နုတ်သိမ်းပြီးမှ ပြန်လည်ရှင်သန်စေတော် မူသည်။ ၎င်းပြင် ထိုအရှင်မြတ်၏ထံတော်သို့သာ ပြန်လည်စုရုံး ရောက်ရှိကြရမည် ဖြစ်ပေသည်။

## (၇) စလာမ်ဆိုခြင်း နှင့် တုံ့ပြန်ခြင်း၏ ရှိသေသမှုများ

၁။ မုစ်လင်မ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံသောအခါ اَلسَّلَامُ عَلَيْكُمْ ဟု စလာမ်နှုတ်ခွန်းဆက်သပါ။

၂။ တစ်ဦးတစ်ယောက်ထံ စာလွှာပို့သသည့်အခါ၌လည်း ဦးစွာ اَلسَّلَامُ عَلَيْكُمْ ဟု ရေးသားပါ။

၃။ တစ်ဦးက စလာမ်ဆိုသောအခါ အခြားတစ်ဦးက وَعَلَيْكُمُ السَّلَامُ ဟု အဖြေပေးပါ။

၄။ နှုတ်ခွန်းဆက်သသောအခါ အမြဲတစေအစ္စလာမ်သာသနာက ပြသထားသော စလာမ်ဆိုနည်းကိုသာ ကျင့်သုံးရမည်။ အခြားယဉ်ကျေးမှု နည်းစနစ်များကို မကျင့်သုံးရပေ။

၅။ စလာမ်စာလုံး၌ အလိဖ်၊ လာမ်တပ်၍ اَلسَّلَامُ ဟု ဆိုရမည်။ سَلَامُ ဟု မဆိုရပေ။

၆။ မိမိနှင့် သိကျွမ်းသူဖြစ်စေ၊ မသိကျွမ်းသူဖြစ်စေ၊ မွတ်စ်လင်မ် တိုင်းကို စလာမ်ဆိုရမည်။

၇။ မိမိအိမ်သို့ဝင်သောအခါလည်း အိမ်သူ၊ အိမ်သားများကို စလာမ်ဆိုရမည်။

၈။ ထိုနည်းတူ အခြားသူများ၏ အိမ်သို့သွားသောအခါလည်း စလာမ်ဆိုပြီးမှ အိမ်အတွင်းသို့ ဝင်ရမည်။

၉။ ကလေးသူငယ်များအား စလာမ်ဆိုရမည်။ ဤသည်မှာ ကလေးများကို စလာမ်ဆိုရန် သင်ကြားပေးခြင်း ဖြစ်ပေသည်။

၁၀။ စလာမ်များများပေးသည့် အလေ့အကျင့်ပြုလုပ်ရမည်။ စလာမ် ပေးရာ၌ စေးနဲတွန့်တိုခြင်း မပြုရပေ။

၁၁။ မွတ်စ်လင်မ်နှစ်ဦးတွေ့ဆုံ၍ စလာမ်ဆိုလိုက်ကြပြီးနောက် အုတ်နံရံ (သို့) သစ်ပင်စသည့် အကာအကွယ်တစ်ခုခြားပြီး ပြန်လည်ဆုံတွေ့လျှင် စလာမ်ပြန်ဆိုရမည်။

၁၂။ စလာမ်အား ဦးအောင်ဆိုနိုင်ရန် ကြိုးစားရမည်။

၁၃။ စလာမ်ပေးသည့်အခါ နှုတ်လျှာမှ اَلسَّلَامُ عَلَيْكُمْ ဆိုရန် အရေးကြီးပေသည်။ မိမိစလာမ်ပေးနေသူ ကြားအောင်လည်း အသံမြှင့်၍ပေးရမည်။ အကယ်၍ မိမိစလာမ်ပေးနေသူက အလှမ်းကွာဝေးနေလျှင် နှုတ်လျှာမှလည်း စလာမ်ဆိုရမည်။ လက် (သို့) ဦးခေါင်းတို့ဖြင့် စလာမ်ပေးနေကြောင်း အချက်ပြရပေမည်။

၁၄။ မိမိ၏ အကြီးအကဲများ၊ လူကြီးသူမများကို မိမိက စတင် စလာမ်ပေးရမည်။

၁၅။ လမ်းလျှောက်သွားသူက ထိုင်နေသူများကို စလာမ် စတင် ပေးရမည်။

၁၆။ လူနည်းစုက လူများစုကို စတင် စလာမ်ပေးရမည်။

၁၇။ အစီးအနင်းဖြင့် သွားနေသူက လမ်းလျှောက်သူများနှင့် ထိုင်နေသူများကို စတင်စလာမ်ပေးရမည်။

၁၈။ အခမ်းအနားတစ်ခုခုသို့ သွားသောအခါ ရောက်ရှိပြီးသား လူများကို မိမိက စတင်စလာမ်ပေးရမည်။ ၎င်းအခမ်းအနားမှ ထပြန်သောအခါလည်း စလာမ်ပေးရပေမည်။

၁၉။ မိမိက စတင်စလာမ်ပေးသောအခါ အနီးအနားၖ အိပ်စက်နေသူများရှိပါက ၎င်းတို့၏ အိပ်ရေး၌ အနှောင့်အယှက် မဖြစ်စေရန်အသံကို နှိမ့်၍ စလာမ်ဆိုရမည်။

၂၀။ စလာမ်၏အဖြေအား ပြုံးရွှင်သော မျက်နှာထားဖြင့် ပေးရမည်။

၂၁။ စလာမ်၏အဖြေပေးရာ၌ وَعَلَيْكُمُ السَّلَامُ အပြင် وَرَحْمَةُ اللهِ وَبَرَكَاتُهُ ကိုလည်း ဖြည့်စွက်၍ အဖြေပေးပါ။

၂၂။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသောအခါ စလာမ်ဆိုကြပြီးမှ စကားစပြောပါ။ စလာမ်မပေးပဲ စကားကိုသာ ပြောဆိုသူ၏ အဖြေ ပေးရန် တာဝန်မရှိပေ။

၂၃။ ကုရ်အာန်၊ ဟဒီးဆ်၏ သင်ပေး သင်ယူပြုလုပ်နေချိန်၌ ၎င်းတို့အား စလာမ်မဆိုရပေ။

၂၄။ ခွသ်ဗာမွှက်ကြားနေချိန်၊ နားထောင်နေချိန်၌ စလာမ်မဆိုရပေ။

၂၅။ အဇာန် (သို့) အေကာမသ် ဆိုနေချိန် စလာမ်မဆိုရပေ။

၂၆။ အိမ်သာတက်နေသူအား စလာမ်မပေးရပေ။ အိမ်သာတက်နေသူကလည်း စလာမ်ပေး၊ စလာမ်ယူမပြုရပေ။

၂၇။ အတီး၊ အမှုတ်၊ အက၊ အခုန်၊ အပျော်အပါး သောက်စားနေသူတို့အား စလာမ်မပေးရချေ။

၂၈။ ဆဲရေးတိုင်းထွာ၍လည်းကောင်း၊ မှားသည်၊ မှန်သည် မခွဲခြားဘဲ နောက်ပြောင်ကျီစယ်၍လည်းကောင်း၊ သာသနာကို မှေးမှိန်အောင် ပြုနေသူအား စလာမ်မဆိုရပေ။

၂၉။ သာသနာနှင့် ဆန့်ကျင်ဘက်လုပ်ငန်း၊ တရားသစ်တီထွင်ခြင်းများကို လှုံ့ဆော်မှုပြုနေသူအားလည်း စလာမ်မဆိုရပေ။

၃၀။ အခြားဘာသာဝင်များအား စလာမ်မဆိုရပေ။ ၎င်းတို့နှင့် လမ်း၌ တွေ့ဆုံ၍ နှုတ်ဆက်ရန် အခွင့်ကြုံလာပါက اَلسَّلَامُ عَلَيْكُمْ မဆိုပါနှင့်၊ သို့ပင်မက سَلَامٌ عَلٰى مَنِ اتَّبَعَ الْهُدٰى ဟုပြောပါ။

၃၁။ အကယ်၍ မုစ်လင်မ်များနှင့် အခြားဘာသာဝင်များစု၍

ထိုင်နေကြလျှင် ထိုထိုင်ဝိုင်းသို့ ရောက်လျှင် စလာမ်ဆိုရမည်။

၃၂။ စလာမ်ဆိုပြီးနောက် ချစ်ခင်မှု၊ ပျော်ရွှင်မှုကို ထုတ်ဖော်သော အနေဖြင့် လက်ဆွဲနှုတ်ဆက်ခြင်းလည်း ပြုရမည်။

၃၃။ မိတ်ဆွေသော်လည်းကောင်း၊ ဆွေမျိုးသားချင်းသော်လည်းကောင်း၊ သူတော်စင်တစ်ပါးပါးသော်လည်းကောင်း၊ ခရီးမှ ပြန်ရောက်ခဲ့သည်ရှိသော် 'မုအာနိကာ' ရင်ချင်းအပ်ခြင်းလည်းပြုလုပ်ပါ။

၃၄။ အိမ်တစ်အိမ်သို့သွားသောအခါ اَلسَّلَامُ عَلَيْكُمْ (၃)ကြိမ် (၃)ခါ ဆိုပြီးနောက်လည်း အိမ်အတွင်းမှ အဖြေမလာပါက ကြည်ဖြူစွာဖြင့် ပြန်လှည့်လာပါ။

၃၅။ ငယ်ရွယ်သူက အသက်အရွယ်ကြီးသူကို စတင်စလာမ် ပေးရမည်။

၃၆။ စလာမ်တစ်ဆင့် လာပို့သူအား ဦးစွာအဖြေပေး၍ စလာမ်ပို့ပေးသူကို နောက်မှ စလာမ်ပြန်ပါ။

ဥပမာ - عَلَيْكَ وَعَلَيْهِ السَّلَامُ ဟု ဖြေဆိုပါ။

၃၇။ အိမ်တစ်အိမ်ရောက်လျှင် အိမ်အတွင်း၌ မည်သူမျှ မရှိလျှင် اَلسَّلَامُ عَلَيْنَا وَعَلٰى عِبَادِ اللّٰهِ الصَّالِحِيْنَ ဟု ဆိုရပေမည်။

၃၈။ အမျိုးသားက အမျိုးသမီးကို အမျိုးသမီးက အမျိုးသားကို စလာမ်မဆိုရပေ။

၃၉။ အမည်တပ်၍ စလာမ်ဆိုလာပါက ၎င်းသူကိုယ်တိုင် စလာမ် အဖြေပေးရန် အရေးကြီးသည်။ အခြားသူများ အဖြေပေးရုံဖြင့် တာဝန်မကျေပြွန်ချေ။

၄၀။ ဘာသာခြားတစ်ဦးက စလာမ်ပေးလျှင် وَعَلَيْكَ ဟုသာ အဖြေ ပေးရမည်။

## (၈) ဗလီဝတ်ကျောင်းတော်၏ ရှိသေသမှုများ

၁။ ဗလီဝတ်ကျောင်းတော်အား ဝတ်ကြီး ဝတ်ငယ်ပြုရမည်။

၂။ ဗလီအား စည်ကားအောင်လုပ်ရမည်။

၃။ ဖွရိဇ်နမားဇ်များအား အစဉ်အမြဲ ဗလီ၌ ဂျမာအသ်ဖြင့် ဆောက်တည်ရမည်။

၄။ ဗလီဝတ်ကျောင်းတော်၌ အဇာန်၊ ဂျမာအသ် စသည်တို့၏ အစီအစဉ်ပြုလုပ်ရမည်။

၅။ ဗလီဝတ်ကျောင်းတွင် တံမြက်စည်းလှည်းရမည်။ အမှိုက် သရိုက်များ ဖယ်ရှားရမည်။

၆။ ဗလီဝတ်ကျောင်းတွင် အမွှေးအကြိုင် သုတ်လိမ်းရမည်။

၇။ ဗလီဝတ်ကျောင်းတော်တွင် ကြောက်ရွံ့စွာဖြင့် သွားရမည်။

၈။ ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ချိန် စလာမ်ဆိုရမည်။

၉။ ဗလီဝတ်ကျောင်းတော်၌ တိတ်ဆိတ်စွာထိုင်၍ အရှင်မြတ်၏ ကြီးကျယ်မှုကို နှလုံးပိုက်ကာ ဇိကိရ်ပြုနေရမည်။

၁၀။ အမောမ်နှင့်အတူ ရှုကူအ်၌ မှီရန်အတွက် ဗလီဝတ်ကျောင်း အတွင်း ပြေးလွှားခြင်းမပြုရပေ။

၁၁။ ဗလီဝတ်ကျောင်းတော်၌ လောကီစကားပြောခြင်း၊ ဆူညံခြင်း၊ နောက်ပြောင်ကျီစယ်ခြင်း၊ အရောင်းအဝယ်စကားပြောခြင်း၊ လောကီအရေးကိစ္စများ ဆွေးနွေးခြင်း မပြုရပေ။

၁၂။ ဗလီဝတ်ကျောင်းတော်သို့ သိတတ်နားလည်မှု မရှိသေးသော ကလေးများ ခေါ်ဆောင်သွားခြင်း မပြုရပေ။

၁၃။ ဗလီဝတ်ကျောင်းတော်တွင် တံတွေးထွေးခြင်း၊ နှပ်ညစ်ခြင်းများ မပြုရပေ။

၁၄။ ဗလီဝတ်ကျောင်းတော်အား ဖြတ်သန်းရာ စကြံမပြုလုပ်ရပေ။ ဗလီဝတ်ကျောင်းထဲသို့ ဝင်လိုက်ပြီးဆိုလျှင် အေဗါဒသ် တစ်ခုခုလုပ်ပြီးမှ ပြန်ထွက်ရမည်။

၁၅။ ဗလီပြင်ပ၌ ပစ္စည်းတစ်ခုခုပျောက်ဆုံးပါက ၎င်းအား ဗလီ ဝတ်ကျောင်းတော်၌ ကြေငြာခြင်းမပြုရပေ။

၁၆။ ဗလီဝတ်ကျောင်းတော်သို့ဝင်သောအခါ ဦးစွာညာခြေဖြင့် ဝင်ပါ။ တမန်တော်မြတ်(ﷺ)အား ဒရူးဒ်မေတ္တာပို့သပါ။

၁၇။ ပြီးလျှင် အောက်ပါဒုအာကိုဖတ်ပါ။

اَللّٰهُمَّ افْتَحْ لِىْ اَبْوَابَ رَحْمَتِكَ

**အဓိပ္ပာယ်** - အို အရှင်- ကျွန်တော်မျိုးအတွက် အရှင်မြတ်သည် မိမိဂရုဏာတော်၏ တံခါးအား ဖွင့်ပေးသနားတော်မူပါ။

၁၈။ ဗလီဝတ်ကျောင်းတော်မှ ထွက်သောအခါ ဘယ်ခြေဖြင့် ထွက်ပါ။ ပြီးလျှင်အောက်ပါဒုအာကို ရွတ်ဆိုပါ။

اَللّٰهُمَّ اِنِّىٓ اَسْـَٔلُكَ مِنْ فَضْلِكَ

**အဓိပ္ပာယ်** - အိုအရှင် - ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ အရှင်မြတ်၏ ပေးကမ်းချီးမြှင့်မြှောက်စားမှုများကို တောင်းခံပါ၏။

၁၉။ အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်သို့ မသွားရပေ။ မိမိနမားဇ်ကို အိမ်၌သာ ဆောက်တည်ရမည်။

၂၀။ သိတတ်နားလည်သည့် အရွယ်ရောက်လာသော ကလေးများကို ဗလီသို့ခေါ်ဆောင်လာပြီး ၎င်းတို့အား ဗလီလာခြင်း၏ အလေ့အကျင့်ပြုလုပ်ပေးရမည်။ ဗလီ၌ ဆော့ကစားနေပါက နူးညံ့ချိုသာစွာဖြင့် ဆုံးမသွန်သင်ရမည်။

## (၉) လမြတ်ရမသွာန်နှင့် ရှိဗယ်၏ ရှိသေသမှုများ

၁။ လမြတ်ရမသွာန်၏ ဆန်းဦးစလကို အထူးအလေးထား၍ ကြည့်ရမည်။

၂။ လမြင်သောအခါ အောက်ပါဒုအာကို ရွတ်ဆိုတောင်းခံရမည်။

اَللّٰهُ اَكْبَرُ اَللّٰهُمَّ اَهِلَّهٗ عَلَيْنَا بِالْاَمْنِ وَالْاِيْمَانِ وَالسَّلَامَةِ
وَالْاِسْلَامِ وَالتَّوْفِيْقِ لِمَا تُحِبُّ وَتَرْضٰى رَبُّنَا وَرَبُّكَ اللّٰهُ

**အဓိပ္ပါယ်**-အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံး ဖြစ်တော်မူသည်။ အို - အရှင် - အရှင်မြတ်သည် ဤလကို ကျွန်တော်မျိုးတို့အတွက်

ငြိမ်းချမ်းမှု၊ စွဲယူယုံကြည်မှု၊ အေးချမ်းမှုနှင့် အမိန့်နာခံမှု ဖြစ်စေသော လအဖြစ် ပြုလုပ်၍ ထွက်ပေါ်စေတော်မူသည်။ ၎င်းပြင် အရှင့်ထံတော်၌ နှစ်သက်ကျေနပ်တော်မူသော လုပ်ငန်းများ၏ ထမ်းဆောင်နိုင်သည့် စွမ်းအားလည်း အတူတကွ ပေးသနား တော်မူလေသည်။

အို - လ ကျွန်ုပ်တို့၏ အရှင်နှင့် အသင်၏ အရှင်သည် အလ္လာဟ် အရှင် ဖြစ်တော်မူသည်။

၃။ လမြတ်ရမသွာန်၌ အေဗါဒသ်များတွင် အထူးအာရုံစိုက် မွေ့လျော်လျက် နေရမည်။ ဖရ်ဇ်များအပြင် နဖိလ်များကိုလည်း တတ်နိုင်သရွေ့ ဆောက်တည်ကျင့်ကြံရမည်။

၄။ တစ်လတာလုံး၏ ရိုဇဟ်ဥပုဒ်စောင့်ထိန်းရန် စိတ်ပါဝင်စားစွာဖြင့် ကြိုးစားရမည်။

၅။ တရားတော်လာ ခွင့်ပြုချက်တစ်ခုခုကြောင့် ရိုဇဟ်မစောင့်ခွင့် ရရှိပါကလည်း လမြတ်ရမသွာန်၏ ရိုသေလေးစားမှုကို ဖော်ပြသည့်အနေဖြင့် ရိုဇဟ်ထားသူပမာ နေထိုင်ရန် ကြိုးစားရမည်။

၆။ ကျမ်းမြတ်ကုရ်အာန်ကို လမြတ်ရမသွာန်တွင် များပြောင်စွာ ရွတ်ဖတ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်သည် လမြတ်ရမသွာန်တွင် ကျရောက်ခဲ့ပေသည်။

၇။ တရာဝီးဟ် နမားဇ်၌ ကျမ်းမြတ်ကုရ်အာန်နားထောင်ရမည်။ တရာဝီးဟ်နမားဇ်၌ ကျမ်းမြတ်ကုရ်အာန်ကိုအစအဆုံး

တစ်ကြိမ်နားထောင်ခြင်း စွန္နသ်ဖြစ်ပေသည်။

၈။ တရာဝီးဟ်နမားဇ်အပြင် သဟတ်ဂျဒ်နမားဇ်လည်း ဆောက်တည်နိုင်ရန် ကြိုးစားရမည်။

၉။ လမြတ်ရမသွာန်တွင် ဆင်းရဲသားများအား ပေးကမ်းမှုကို ပို၍ အလေးထားဆောင်ရွက်ရမည်။

၁၀။ ကဒရ်ညမြတ်၌ နဖိလ်အေဗါဒသ်များမြောင်စွာ ပြုရမည်။

၁၁။ ကဒရ်ညမြတ်၌ အောက်ပါဒုအာကို များမြောင်စွာ ရွတ်ဆို တောင်းခံရမည်။

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّى

**အာဓိပ္ပာယ်** - အိုအရှင် အရှင်မြတ်သည် အလွန့်အလွန် ခွင့်လွှတ်တော်မူသော အရှင်ဖြစ်သည်။ ခွင့်လွှတ်ခြင်းကိုလည်း နှစ်ခြိုက်တော်မူသောအရှင်ဖြစ်သည်။ သို့ရှိရာအရှင် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာမှု ပေးသနားတော်မူပါ။

၁၂။ လမြတ်ရမသွာန်၏ နောက်ဆုံး(၁၀)ရက်တွင် အေ့တေကားဖ်ထိုင်သင့်ပေသည်။

၁၃။ လမြတ်ရမသွာန်တွင် လက်အောက်ငယ်သားများအား ချိုသာနူးညံ့စွာ ဆက်ဆံရမည်။ အလုပ်လျှော့ပေါ့ပေးသင့်ပေသည်။

၁၄။ အိမ်သားများဖြစ်စေ၊ လက်အောက်ငယ်သားများဖြစ်စေ၊ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးရမည်။ အိမ်၌ ချောင်လည်စွာ သုံးစွဲရမည်။

၁၅။ လမြတ်ရမသွာန်၌ အလွန်ရိုကျိုးစွာနှင့် စိတ်ပါဝင်စားစွာဖြင့် ဒုအာတောင်းခံနေရမည်။ အဘယ်ကြောင့်ဆိုသော် လမြတ်ရမသွာန်၌အရ်ရှ်ပလ္လင်တော်ကို ထမ်းရွက်ထားသောဖွရစ်ရှ်တာများကို အလ္လာဟ်အရှင်မြတ်က ၎င်းတို့ ပြုလုပ်နေသော အေဗါဒသ်များကို လွှတ်စေပြီး ရိုဇဟ် ထားသူများ၏ တောင်းခံနေကြသော ဒုအာများတွင် အာမီးန် လိုက်ရန် အမိန့်ပေးပေသည်ဟု တမန်တော်မြတ်(ﷺ)ကမိန့်ကြားထားပေသည်။

၁၆။ အီးဒ်နမားဇ်ဖတ်မည့်အလျင် ဖိသ်ရာပေးရပေမည်။ သို့မှသာ ဆင်းရဲသားများ အီးဒ်နေ့အတွက် လိုအပ်ချက်များကို ကြိုတင်ဖြည့်စွက်နိုင်ကြပေမည် ဖြစ်လေသည်။

၁၇။ လမြတ်ရမသွာန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး အလ္လာဟ်အရှင်မြတ်အမိန့်နာခံမှုထဲ၌ ရှိနေစေရန် အခြားသူများကို ကောင်းမှုများရှာဖွေ၊ ဆထက်တံပိုး ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်မှု ပြုလုပ်သင့်ပေသည်။

၁၈။ ရိုဇဟ်၏ ကြီးမားသော အကျိုးကျေးဇူးကို ရင်ဝယ်ပိုက်၍ စိတ်ပါလက်ပါ စောင့်ထိန်းရမည်။

၁၉။ တရားတော်လာ ခိုင်လုံသောအကြောင်းကြီးငယ်မရှိပဲ ရိုဇဟ် စောင့်ထိန်းမှုကို မလွှတ်စေနှင့်၊ အဘယ်ကြောင့်ဆိုသော် လမြတ်ရမသွာန်၌ အကြောင်းမဲ့ လွှတ်ထားခဲ့သော ရိုဇဟ် တစ်လုံး၏ အကျိုးဆဝါးဗ်ကို တစ်သက်ပတ်လုံး ရိုဇဟ် ထားပြီး ပြန်ဖြည့်လျှင်လည်း မရရှိနိုင်ပေ။

၂၀။ ရိုဇဟ်စောင့်ထိန်းနေစဉ် ပြစားမှုကင်းစေရန် နဂိုအခြေအနေ အတိုင်း တက်တက်ကြွကြွနေရမည်။

၂၁။ ရိုဇဟ်စောင့်ထိန်းနေစဉ် ဂိုနာဟ်အပေါင်းမှ လွတ်ကင်းရန် အစွမ်းကုန် ကြိုးစားရမည်။ အတင်း ပြောခြင်းမှ အထူး ရှောင်ကြဉ်ရမည်။ မျက်လွှာထိန်းရမည်။

၂၂။ ရိုဇဟ်၏ ဒုက္ခ၊ ပင်ပန်းမှုများကို သည်းခံမျိုသိပ်ရမည်။

၂၃။ ခရီး (သို့) ရောဂါကြောင့် ရိုဇဟ်မထားနိုင်ခဲ့လျှင် ကသ္ဘာပြန် ဖြည့်ရမည်။

၂၄။ ဟလာလ်ရိုဇီကိုသာ ရှာဖွေစားသောက်ရမည်။

၂၅။ စဟ်ရီစားသုံးရမည်။ ၎င်းစဟ်ရီတွင် ဘရ်ကသ်မင်္ဂလာ ရှိသည်ဟု တမန်တော်မြတ်(ﷺ)က မိန့်ကြားထားပေသည်။

၂၆။ နေဝင်သွားသည်နှင့် အိဖ်သာရ်ဝါဖြေခြင်းကို မဆိုင်းငံ့ပါနှင့်။

၂၇။ ဝါဖြေချိန်၌ အောက်ပါဒုအာကို ရွတ်ဆိုပါ။

اَللّٰهُمَّ لَكَ صُمْتُ وَعَلٰى رِزْقِكَ اَفْطَرْتُ

**အဓိပ္ပာယ်** - အို အရှင် -ကျွန်တော်မျိုးသည် အရှင့်အတွက်သာ ရိုဇဟ် စောင့်ထိန်းပါသည်။ ၎င်းပြင် အရှင့်၏ချီးမြှင့်သော ရိုဇီရိက္ခာဖြင့်သာ ရိုဇဟ်လွတ်ပါ၏။

၂၈။ ဝါဖြေပြီးသောအခါ အောက်ပါဒုအာကို တောင်းခံပါ။

ذَهَبَ الظَّمَأُ وَابْتَلَّتِ الْعُرُوْقُ وَثَبَتَ الْاَجْرُ اِنْشَاءَاللهُ

**အဓိပ္ပာယ်** - ရေငတ်လည်း ပြေလေပြီ။ အကြောအခြင်များလည်း စိုပြေသွားလေပြီ။ အကယ်၍ အရှင်မြတ်အလိုတူလျှင် အကျိုးဆဝါးဗ် လည်း အမှန်တကယ် ရရှိပေလိမ့်မည်။

၂၉။ တစ်ဦးတစ်ယောက်ထံတွင် ရိုဇဟ်ဖြေသောအခါ အောက်ပါ ဒုအာကို တောင်းခံပါ။

أَفْطَرَ عِنْدَكُمُ الصَّائِمُوْنَ وَأَكَلَ طَعَامَكُمُ الْأَبْرَارُ وَصَلَّتْ عَلَيْكُمُ الْمَلٰئِكَةُ

**အဓိပ္ပာယ်** - အသင်တို့ထံ၌ ရိုဇဟ်စောင့်ထိန်းသူများ ဝါဖြေနိုင်ကြပါစေ။ ၎င်းပြင်အသင်တို့၏ အစားအသောက်များကို သူတော်ကောင်းများ စားသုံးကြပါစေ။ ၎င်းပြင် အသင်တို့အပေါ် ဖွရစ်ရှ်တာများက ရဟ်မသ်၏ ဒုအာတောင်းခံပေးကြပါစေ။

၃၀။ ရိုဇဟ်စောင့်ထိန်းသူများအား ဝါဖြေရန် စီစဉ်ပေးမှုကိုလည်း ပြုလုပ်ရမည်။ ၎င်း၏ အကျိုးဆဝါးဗ် အလွန်များလေသည်။

## (၁၀) လမ်းသွားခြင်း၏ ရိုသေသမှုများ

၁။ လမ်းသွားသောအခါ ခုန်ပေါက်၍သော်လည်းကောင်း၊ ပျင်းရိလေးတွဲ့၍သော်လည်းကောင်း မလျှောက်ပါနှင့်။ အလယ်အလတ်တန်းစား ပုံမှန်ခြေလှမ်းဖြင့် လျှောက်လှမ်းပါ။

၂။ ခြေထောက်ကို မြေကြီးမှကြွ၍ လျှောက်ပါ။ ခြေတရွတ်တိုက်ဆွဲ၍ မလျှောက်ပါနှင့်။

၃။ အိန္ဒြေသိက္ခာရှိစွာဖြင့် မျက်လွှာအောက်ချ၍သွားပါ။

၄။ လမ်းသွားရင်း ညာဖက်၊ ဘယ်ဖက်မကြည့်ရပေ။ မိမိကိုယ်ကို အရှေ့ဘက်သို့ အနည်းငယ်ကိုင်းညွတ်၍ အမြင့်မှအနိမ့်သို့ ဆင်းနေသကဲ့သို့ လျှောက်လှမ်းပါ။

၅။ မော်ကြွားသော ပုံစံဖြင့် ရင်ကော့၍ မလျှောက်ရပေ။

၆။ အမြဲတစေ ဖိနပ်စီး၍ လမ်းသွားပါ။ ဖိနပ်သည်လည်းခြေထောက်၏ အစီးအနင်းတစ်ခုဖြစ်သည်ဟု တမန်တော်မြတ်(ﷺ)က မိန့်ကြားထားလေသည်။

၇။ ဖိနပ်မစီးလျှင်လည်း နှစ်ဖက်လုံး မစီးပဲသွားပါ။ (သို့မဟုတ်) တစ်ဖက်က ဖိနပ်စီးထားပြီး အခြားတစ်ဖက်က မစီးထားပဲ လမ်းမသွားရပေ။

၈။ လမ်းလျှောက်သောအခါ မိမိအဖော်များနှင့်အတူတူ လျှောက်ရမည်။ မိမိ၏ ထင်ပေါ်ကျော်ကြားမှုကို ပြသရန် အားလုံး၏ အရှေ့မှ လျှောက်ခြင်းကို ရှောင်ကြဉ်ရမည်။

၉။ လမ်း၏ ဝတ္တရားအား ကျေပြွန်ရမည်။ လမ်းတွင် ရပ်၍သော်လည်းကောင်း ထိုင်၍သော်လည်းကောင်း၊ လမ်းသွားလမ်းလာများကို ငေးမောကြည့်ရှုခြင်း မပြုရပေ။

၁၀။ အကယ်၍ လမ်း၌ ရပ်နားရန် လိုအပ်လာပါက လမ်း၏ ဝတ္တရား ကျေပြွန်ရန်အတွက် အချက်(၆)ခုကို လိုက်နာရမည်။

(က) မျက်လွှာအောက်ချထားရမည်။

(ခ) ဒုက္ခပေးမည့်အရာများကို လမ်းမှဖယ်ရှားပေးရမည်။

(ဂ) စလာမ်၏ အဖြေပေးရမည်။

(ဃ) ကောင်းမှုများကို တိုက်တွန်းရမည်။ မကောင်းမှုများမှ တားမြစ်ရမည်။

(င) လမ်းမှားနေသူများကို လမ်းပြရမည်။

(စ) ဒုက္ခရောက်နေသူများကို ကူညီရမည်။

၁၁။ ကောင်းသောသူများနှင့်သာ အတူတူ သွားလာရမည်။ မကောင်းသောသူများနှင့် သွားလာခြင်းမှ ရှောင်ကြဉ်ရမည်။

၁၂။ အမျိုးသား၊ အမျိုးသမီး ရောနှော၍လမ်းမလျှောက်ပါနှင့်။ အမျိုးသမီးများ လမ်း၏ဘေးတစ်ဖက်တစ်ချက်မှ ကပ်၍သွားရပေမည်။

၁၃။ အမျိုးသမီးများ လမ်းသွားရန် လိုအပ်ပါက ဘုရ်ကာခြုံ၍သွားရမည်။ မျက်နှာဉ် နေကာဝ်(ခြုံလွှာ)ချထားရမည်။

၁၄။ အမျိုးသမီးများ လမ်းသွားသောအခါ အခြားသူများကို အာရုံရောက်စေသည့် အသံမြည်သော လက်ဝတ်လက်စားများဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ရမည်။ အနံ့ပါသော ရေမွှေးစွတ်၍မသွားရပေ။

၁၅။ အိမ်မှထွက်သောအခါ မိုးကောင်းကင်ဘက်သို့ ကြည့်၍ အောက်ပါဒိုအာကို တောင်းခံပါ။

بِسْمِ اللهِ تَوَكَّلْتُ عَلَى اللهِ اَللّٰهُمَّ اِنِّىْ اَعُوْذُبِكَ مِنْ اَنْ نَّزِلَّ

اَوْ نُزِّلَ وَاَنْ نَّضِلَّ اَوْ نُضِلَّ اَوْ نَظْلِمَ اَوْ يُظْلَمَ عَلَيْنَا اَوْ نَجْهَلَ اَوْ يُجْهَلَ عَلَيْنَا

**အဓိပ္ပာယ်** - အရှင်မြတ်၏ နာမတော်ဖြင့် ကျွန်တော်မျိုး အိမ်အပြင်သို့ ထွက်ပါ၏။ ၎င်းပြင် အရှင်မြတ်အပေါ်၌သာ ကျွန်တော်မျိုး ယုံပုံအားကိုးပါ၏။ အိုအရှင် - ကျွန်တော်မျိုးအရှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏။ ကျွန်တော်မျိုးမှားယွင်းမှုပြုခြင်းမှ (သို့) အခြားသူများ ကျွန်တော်မျိုးအား မှားယွင်းအောင်ပြုခြင်းမှ (သို့) ကျွန်တော်မျိုး ကိုယ်တိုင် လမ်းချော်ခြင်းမှ (သို့) အခြားသူများ ကျွန်တော်မျိုးအား လမ်းချော်အောင် ပြုခြင်းမှ (သို့) ကျွန်တော်မျိုး မတရားပြုခြင်းမှ (သို့) အခြားသူများ ကျွန်တော်မျိုးအား မတရား ပြုခြင်းမှ (သို့) ကျွန်တော်မျိုး မိုက်မဲမှုပြုခြင်းမှ (သို့) အခြားသူများ ကျွန်တော်မျိုးအား မိုက်မဲအောင် ပြုခြင်းမှ။

## (၁၁) ခရီးသွားခြင်း၏ ရှိသေသမှုများ

၁။ ခရီးသွားလျှင် အချိန်ကုန်သက်သာသော၊ နမားဇ်အတွက် အဆင်ပြေသော အချိန်ကိုရွေးချယ်ပါ။

၂။ ခရီးစထွက်လျှင် ကြာသပတေးနေ့ကို ရွေးချယ်ပါ။

၃။ ခရီးသွားလျှင် တစ်ဦးတည်းမသွားပဲ၊ အနည်းဆုံး သုံးဦး စုပေါင်း သွားသင့်ပေသည်။

၄။ အမျိုးသမီးဖြစ်ပါမူ မဟ်ရမ် (၎င်းသူမနှင့် နေကာဟ်မပိုင်သူ အမျိုးသား) တစ်ဦးဦး နှင့်တွဲ၍သွားရမည်။ ခရီးတို (၁၀မိုင်၊ ၁၅မိုင်) ဖြစ်လျှင်တော့ တစ်ဦးတည်း သွားပိုင်သည်။ သို့ပင်လည်း မဟ်ရမ်နှင့်သွားခြင်းသည်သာ ပိုကောင်းသည်။

၅။ အစီးအနင်းပေါ်သို့တက်ပြီး အစီးအနင်းစတင် ထွက်ခွာသော အခါ အောက်ပါဒုအာကို တောင်းခံပါ။

سُبْحَانَ الَّذِىْ سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهٗ مُقْرِنِيْنَ وَاِنَّا اِلٰى رَبِّنَا لَمُنْقَلِبُوْنَ

**အာဓိပ္ပါယ်** - အလ္လာဟ်အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူသည်။ အကြင်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤအစီးအနင်းကို လွှဲအပ်ပေးတော်မူသည်။ အမှန်စင်စစ်တော့ ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို ထိန်းချုပ်နိုင်သူများ မဟုတ်ကြပေ။ ဧကန်မုချ ကျွန်တော်မျိုးတို့သည် မိမိအရှင်သခင်ထံတော်သို့ ပြန်လှည့်ကြရမည့် သူများ ဖြစ်ကြပါသည်။ ဆက်လက်၍ အောက်ပါဒုအာတောင်းခံပါ။

اَللّٰهُمَّ اِنَّا نَسْئَلُكَ فِىْ سَفَرِنَا هٰذَا الْبِرَّ وَالتَّقْوٰى وَمِنَ الْعَمَلِ مَا تَرْضٰى

**အာဓိပ္ပာယ်** - အိုအရှင် ဤခရီးစဉ်တွင် အရှင်မြတ်ထံတော်မှ ကျွန်တော်မျိုးသည်ကောင်းမှုနှင့် ရှောင်ကြဉ်ခြင်းကို တောင်းခံပါသည်။ ၎င်းပြင် အရှင်မြတ်ကျေနပ်နှစ်သက်သော လုပ်ငန်းများ၏ လုပ်နိုင်သော စွမ်းအားချီးမြှင့်ရန် တောင်းခံပါသည်။ ဆက်လက်၍ အောက်ပါဒိုအာကို တောင်းခံပါ။

اَللّٰهُمَّ هَوِّنْ عَلَيْنَا سَفَرَنَا هٰذَا وَاطْوِ عَنَّا بُعْدَهُ اَللّٰهُمَّ اَنْتَ الصَّاحِبُ فِي السَّفَرِ وَالْخَلِيفَةُ فِي الْاَهْلِ اَللّٰهُمَّ اِنِّيْ اَعُوذُبِكَ مِنْ وَعْثَاءِ السَّفَرِ وَكَابَةِ الْمَنْظَرِ وَسُوْءِ الْمُنْقَلَبِ فِي الْمَالِ وَالْاَهْلِ وَالْوَلَدِ وَالْحَوْرِ بَعْدَ الْكَوْرِ وَدَعْوَةِ الْمَظْلُوْمِ

**အဓိပ္ပာယ်**- အိုအရှင် ကျွန်တော်မျိုးတို့အပေါ်၌ ဤခရီးစဉ်ကို လွယ်ကူအောင်ပြုပေးတော်မူပါ။ ကျွန်တော်တို့အတွက် ဤခရီးစဉ်၏ ဝေးကွာမှုကို ကျဉ်းမြောင်းအောင်ပြုပေးတော်မူပါ။ အိုအရှင် - အရှင်သည်သာ ဤခရီး၌ မိတ်ဆွေဖြစ်ပါသည်။ အိမ်သူ၊ အိမ်သား များတွင် ကိုယ်စားလှယ်၊ ထိန်းသိမ်း စောင့်ရှောက်သူဖြစ်ပါသည်။ အိုအရှင် - ကျွန်တော်မျိုးသည် ခရီး၏ ပင်ပန်းခက်ခဲမှုများမှ၊ အိမ်သူ၊ အိမ်သား၊ သား၊သမီးများ၌ မကောင်းသော အခြေအနေဖြင့် ပြန်လည် ဆုံတွေ့ခြင်းမှ၊ အရှင်မြတ်ထံ ခိုလှုံမှုတောင်းခံပါ၏။ ၎င်းပြင် ကောင်းခြင်း ၏နောက် မကောင်းခြင်းမှ မတရားပြုခြင်း ခံရသူ၏ ဘဒ်ဒုအာမှ အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏။

၆။ ခရီး၌ မိတ်ဆွေများ၊ ခရီးသည်များ၏ လွယ်ကူမှုကိုလည်း ဂရုပြု ရမည်။ မိမိ၏ ခရီးဖော်နှင့် အကောင်းဆုံး ဆက်ဆံရမည်။

၇။ ခရီးသွားချိန်၊ ခရီးမှပြန်ရောက်ချိန်တို့၌ ကျေးဇူးတင်ရှိသော အနေဖြင့် နဖိလ်နှစ်ရကအသ် ဆောက်တည်ပါ။

၈။ ကား၊ လေယာဉ်ပျံအစရှိသည့် အစီးအနင်းများ အမြင့်တစ်နေရာရာသို့တက်ပါက အောက်ပါဒိုအာကို တောင်းခံပါ။

اَللّٰهُمَّ لَكَ الشَّرَفُ عَلٰى كُلِّ شَرَفٍ وَلَكَ الْحَمْدُ عَلٰى كُلِّ حَالٍ

**အဓိပ္ပာယ်**- အိုအရှင် အရှင်မြတ်သည်သာ ကြီးကဲမှုနှင့် ကြီးမြင့်မှု အပေါင်းရရှိပေသည်။ ချီးမွမ်းထောပနာ အပေါင်းသည်လည်း အခြေအနေတိုင်းမှာ အရှင်မြတ်အတွက်သာလျှင် ထိုက်တန်ပေသည်။

၉။ ခရီးထွက်ရင်း တစ်နေရာရာ၌ ညအိပ်တည်းခိုရန် လိုအပ်ပါက ခိုးသား၊ ဓါးပြများ၊ တိရစ္ဆာန်များမှ လုံခြုံမှုရှိသော နေရာရွေးချယ်ရမည်။

၁၀။ ခရီး၌ အရေးကြီးကိစ္စများ ဆောင်ရွက်ပြီးသည်နှင့် ပြန်ရန် စီစဉ်ရမည်။ အရေးမကြီးပဲ လည်ပတ်နေခြင်းကို ရှောင်ကြဉ်သင့်ပေသည်။

၁၁။ ညအချိန်ခရီးမှ ပြန်ရောက်လျှင် အိမ်သို့ အကြောင်းမကြားပဲ ချက်ခြင်းအိမ်သို့ မဝင်ပါနှင့်၊ အိမ်၌ သတင်းပို့ပြီးဗလီ၌ နဖိလ်နှစ်ရကာအ်ဖတ်ပြီးမှ အိမ်ပြန်ပါ။

၁၂။ ခရီး၌စီးနင်းသော တိရစ္ဆာန်ပါနေလျှင် ၎င်းအတွက်လည်း နေရာထိုင်ခင်း၊ စာရေးသောက်ရေးစီစဉ်ပေးရမည်။

၁၃။ ဆောင်းရာသီ၌ ခရီးထွက်လျှင် ဂွမ်းစောင်အစရှိသည်တို့ သယ်ဆောင်သွားပါ။ သို့မှသာ အိမ်ရှင်အတွက် ခက်ခဲမှုမဖြစ်တော့ပေ။

၁၄။ ခရီး၌ ရေပုံး၊ ဂျာနမားဇ်အစရှိသည်တို့ကို ယူဆောင်သွားရမည်။ သို့မှသာ ရေသောက်ရန်၊ နမားဇ်ဖတ်ရန်၊ အိစ်တင်ဂျာသွားရန် အစဉ်ပြေလိမ့်မည်။

၁၅။ လူစု၍ ခရီးသွားလျှင် ၎င်းတို့ထဲမှ တစ်ဦးကို ခေါင်းဆောင် ခန့်အပ်ရမည်။

၁၆။ ခရီး၌ မိမိ၏ မှတ်ပုံတင်၊ လက်မှတ်၊ ငွေကြေးနှင့် အခြား အရေးကြီးသော ပစ္စည်းများကို မိမိနှင့်အတူသာ ထားရှိရမည်။

၁၇။ ခရီးမှ အိမ်ပြန်ရောက်လျှင် အောက်ပါဒုအာရွတ်ဆိုပါ။

اَوْبًااَوْبًالِرَبِّنَاتَوْبًالَّايُغَادِرُعَلَيْنَاحَوْبًا

**အဓိပ္ပာယ်** - မိမိအရှင်သခင်ထံတော်သာ ပြန်လှည့်ခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုးအပေါ်၌ မည်သည့်ဂိုနာဟ်၏ အကြွင်းအကျန်များ မကျန်ရစ်သည့်တိုင်အောင် မိမိအရှင်သခင်ထံတော်၌ သောင်(ဝ်)ဗါ ပြုပါ၏။

၁၈။ အကယ်၍ တစ်ဦးတစ်ယောက် ခရီးထွက်လျှင်၎င်းနှင့်အတူ အနည်းငယ်အကွာအဝေးထိလိုက်ပါ၍ ခွဲခွာချိန်၌ အောက်ပါ ဒုအာတောင်းခံပါ။

اَسْتَوْدِعُ اللّٰهَ دِيْنَكَ وَاَمَانَتَكَ وَخَوَاتِيْمَ عَمَلِكَ

**အဓိပ္ပာယ်** - ကျွန်ုပ်သည် အသင်၏ သာသနာ၊ ၎င်းပြင် အသင်၏ သစ္စာရှိမှုနှင့် အသင်၏ နိဂုံးချုပ်အမလ်ကို အလ္လာဟ်အရှင်မြတ်အား အပ်နှင်းပါ၏။

၁၉။ ခရီးမှ ပြန်လာလျှင် အိမ်သူ၊ အိမ်သားများအတွက် လက်ဆောင်ဝယ်ခဲ့သင့်ပေသည်။

၂၀။ တစ်ဦးတစ်ယောက်ခရီးမှ ပြန်ရောက်လာလျှင် ၎င်းအားကြိုဆိုပါ။ ချစ်ခင်မှုကို ဖော်ထုတ်သည့် စကားလုံးများဖြင့် နှုတ်ဆက်ပါ။

## (၁၂) ဇကားသ်နှင့် ဆွဒကာဟ်ပေးခြင်း၏ ရှိသေသမှုများ

၁။ အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် အရှင်မြတ်ကျေနပ်နှစ်သက်မှုကို ရှေးထား၍ ပေးရမည်။

၂။ မိမိကပေးကမ်းလိုက်သူမှာ မိမိအား ကျေးဇူးတင်ရမည်။ မိမိ၏ဂုဏ်ဖော်ပေးရမည်ဟု မက်ဆန္ဒလုံးဝမထားရပေ။

၃။ ပြစားမှုဖြင့် မပေးရပေ။

၄။ ဇကားသ်ငွေအား လူသိရှင်ကြားပေးခြင်းလည်းကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် အခြားတာဝန်ရှိသူများလည်း မိမိတို့တာဝန်ကိုသတိရသွားကြမည်။

၅။ အခြားဆွဒကာဟ်များကိုမူ တိတ်တဆိတ်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ညာလက်မှပေးသည်ကိုဘယ်လက်ပင်မသိအောင်လျှို့ဒါန်းသူအား အရှင်မြတ်က ကေယာမသ်နေ့၌ အရ်ရှ်ပလ္လင်တော်အောက်၌ နေရာထိုင်ခင်းပေးမည်ဟု ဘူခါရီကျမ်း၌ ဖော်ပြထားပေသည်။

၆။ အရှင်မြတ်၏ လမ်းတော်တွင် ပေးကမ်းလှူဒါန်းပြီးနောက် ပေးကမ်းလိုက်သူအား သေးသိမ်သော အမြင်ဖြင့် မဆက်ဆံပါနှင့်။ မိမိ၏ ကျေးဇူးတရားကို ထုတ်ဖော်ပြီး၊ ၎င်းတို့၏ ညှိုးနွမ်းကြေမွနေသော နှလုံးသားကို ဒဏ်ရာဖြစ်အောင် မလုပ်ပါနှင့်။

၇။ တောင်းရမ်းနေသူအား နူးညံ့စွာ ဆက်ဆံရမည်။ အကယ်၍ ဘာမျှပေးစရာမရှိလျှင်လည်း ချိုသာနူးညံ့စွာဖြင့် မရှိသေးကြောင်း ပြောဆိုရမည်။

၈။ အရှင်မြတ်လမ်းတော်တွင် နှလုံးသားကြီးကြီးနှင့် စိတ်အားထက်သန်စွာဖြင့် လှူဒါန်းရမည်။

၉။ အရှင်မြတ်လမ်းတော်တွင် သန့်ပြန့်စင်ကြယ်သော ဥစ္စာပစ္စည်းသာ သုံးစွဲရမည်။ အထူးသဖြင့် မိမိထံ၌ရှိသော ဥစ္စာပစ္စည်းများအနက် အကောင်းဆုံးကို လှူဒါန်းရမည်။

၁၀။ ဇကားသ်ပေးရန် ဝါဂျိဗ်ဖြစ်သွားပြီးနောက် မကြန့်ကြာစေပဲ ချက်ချင်းပေးနိုင်ရန် ကြိုးစားရမည်။

## (၁၃) ဟဂ်ျပြုခြင်း၏ ရှိသေသမှုများ

၁။ ဟဂ်ျဖွရ်ဇ်တာဝန်ရှိသွားသည်နှင့် မဆိုင်းငံ့ပဲ ချက်ချင်းပြုလုပ်လိုက်ရမည်။

၂။ ဟဂ်ျပြုရန်သွားသူသည် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုအတွက်သာပြုရမည်။ လောကီရေးရာ ရည်ရွယ်ချက် တစ်စုံတစ်ရာ မပါဝင်စေရပါ။

၃။ ဟက်ျပြုရန် သွားသောအခါ လူသိရှင်ကြား ကြွေကြော်၍ မသွားသင့်ပေ။ တိုးတိုးတိတ်တိတ်သွားရမည်။

၄။ ဟက်ျပြုနိုင်သည့်အင်အား၊ ချောင်လည်မှု မရှိပါကလည်း ဟက်ျပြုရန်နှင့် ရောင်သွာတော်ကို ဇေယာရည်လုပ်ရန် စိတ်ဆန္ဒအပြည့်ပိုက်ထွေးထားရမည်။

၅။ ဟက်ျပြုရန်သွားသောအခါ ရိက္ခာအပြည့်ယူသွားရမည်။ အကောင်းဆုံး ရိက္ခာမှာ သပ်က်ဝါရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။

၆။ ဟက်ျပြုရန် ရည်ရွယ်သည်နှင့် ဟက်ျ၏အရ်ကာန်အမိန့်ပညတ်တော်များကို သေသေချာချာနားလည်အောင် ကြိုးစားရမည်။

၇။ ဟက်ျပြုစဉ်အတွင်းရွတ်ဆိုရမည့် မတ်စ်နူးန်ဒုအာများကို ကျက်မှတ်ရမည်။

၈။ ဟက်ျပြုစဉ်မိမိ၏ ဟက်ျအားပြီးပြည့်စုံသော အမလ်ဖြစ်ရန် အထူးဂရုပြု ဆောင်ရွက်ရမည်။

၉။ ဟက်ျပြုစဉ်အလ္လာဟ်အရှင်မြတ်၏ အမိန့်ဖီဆန်ခြင်းများမှ အထူးရှောင်ရှားရမည်။

၁၀။ ဟက်ျပြုစဉ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းမှလည်း ရှောင်ရှားရမည်။

၁၁။ တဏှာရာဂများမှလည်း အတတ်နိုင်ဆုံးရှောင်ကြဉ်ရမည်။

၁၂။ ဤခရီးစဉ်မှာ စိတ်ရိုင်းကို လှုံ့ဆော်ပေးသော အခြေအနေများ

လေရာ ရှိုင်တာန်နှင့် နဖ်စ်၏ နှောင့်ယှက်ဖျက်စီးမှုမှ အထူး ရှောင်ကြဉ်ရပေမည်။

၁၃။ ဟဂ်ျ၏အမိန့်ပညတ်ချက်များကို ထမ်းဆောင်နေစဉ် မိမိကိုယ်ကို အကျိုးနွံဆုံးနိမ့်ချမှုပြုရမည်။

၁၄။ အဲဟ်ရာမ်ဝတ်ပြီးနောက်၊ နမားဇ်တိုင်း၏နောက်၊ အမြင့်တစ်ခုခု ပေါ်တက်ပြီးသည့်နောက်၊ ဟာဂျီအုပ်စုများနှင့် တွေ့ဆုံပြီးသည့် နောက်၊ နံနက်စောစောအိပ်ယာမှထပြီးနောက် အသံမြှင့်၍ သလ်ဗီယာရွတ်ဆိုရမည်။ သလ်ဗီယာမှာ ဤသို့ဖြစ်သည်။

**لَبَّيْكَ اَللّٰهُمَّ لَبَّيْكَ لَاشَرِيْكَ لَكَ لَبَّيْكَ اِنَّ الْحَمْدَ وَالنِّعْمَةَ لَكَ**

**وَالْمُلْكَ لَاشَرِيْكَ لَكَ**

**အာဓိပ္ပာယ်**- ကျွန်တော်မျိုးအသင့်ရောက်ရှိပါပြီ။

အိုအရှင် - ကျွန်တော်မျိုးအသင့်ရောက်ရှိပါပြီ။ အရှင်မြတ် နှင့် ဂုဏ်ရည်တူ မည်သူမျှ မရှိပေ။ ကျွန်တော်မျိုး အသင့် ရောက်ရှိပါပြီး ကောန်အမှန် ချီးမွမ်းထောပနာအပေါင်းသည် အရှင်မြတ်အတွက်သာ ဖြစ်သည်။ စည်းစိမ်ဟူသမျှသည် အရှင် မြတ်ဆီမှသာ ဖြစ်ပေသည်။ စိုးမိုးအုပ်ချုပ်မှုဟူသမျှသည် အရှင်မြတ်၏ အတွက်သာဖြစ်သည်။ အရှင်မြတ်နှင့် ဂုဏ်ရည်တူ ဟူ၍ မည်သူမျှမရှိပေ။

၁၅။ အရ်ဖွားသ်ကွင်းပြင်သို့ ရောက်ရှိလျှင် တတ်နိုင်သမျှ သောင်ဗာ နှင့် အိစ်တိဂ်ဖွရ်များမြောင်စွာပြုရမည်။

၁၆။ မိနာသို့ ရောက်သောအခါ အိဗ်ရာဟီးမ်(ﷺ) ၏ အရှင်မြတ် အတွက် စတေးမှုပြုခဲ့သော စိတ်ဆန္ဒကို ပိုက်ထွေးကာ ကုရ်ဗါနီ ပြုရမည်။

၁၇။ ဟဂ်ျကာလ(၅)ရက်တာအတွင်း အလ္လာဟ်အရှင်မြတ်၏ သတိရတသမှု၌သာ အချိန်ကုန်လွန်စေရမည်။

၁၈။ ဘိုင်တွလ္လာသို့ရောက်ပြီးလျှင် အများဆုံးပြုလုပ်ရမည့် အမလ်မှာ ဘိုင်တွလ္လာအား သဝါးဖ်ပြုခြင်းဖြစ်ပေသည်။ ဘိုင်တွလ္လာအား အကြိမ် (၅၀)သဝါးဖ်ပြုပါက မိခင်၏ ဝမ်းမှကျွတ်လာသော ကလေးပမာ ဂိုနာဟ်များ ပလပ်ကင်းစင်သွားပေသည်ဟု မြတ်နဗီ (ﷺ)က မိန့်ကြားထားပေသည်။

၁၉။ ဘိုင်တွလ္လာ၌ရှိသော အရှင်မြတ်၏ သက်သေတော် အမှတ် အသားများကို ကြည်ညိုလေးစားရမည်။

၂၀။ ဟာဂျီသည် အရှင်မြတ်၏ ဧည့်သည်ဖြစ်သောကြောင့် လူတိုင်းနှင့် သိမ်သိမ်မွေ့မွေ့ပြောဆိုဆက်ဆံရမည်။ မိမိ ခါဒင်မ် ကိုပင်လျှင် မဆူ မငေါက်ရပေ။

## (၁၄) သောကြာနေ့၏ ရှိသေသမှုများ

၁။ သောကြာနေ့၌ ရေမိုးချိုးရမည်။ တတ်နိုင်လျှင် ရေမွှေးသုတ်လိမ်းရမည်။ ဆီလိမ်းရမည်။

၂။ သောကြာနေ့၌ ကုရ်အာန်သေလာဝသ်လုပ်ခြင်း၊ ဇိကိရ်လုပ်ခြင်း၊ ဆွဒကဟ်လှူဒါန်းခြင်း၊ ဒုအာတောင်းခံခြင်း၊ လူမမာမေးမြန်းခြင်း၊ ဂျနာဇာ၌ ပါဝင်ခြင်းများကို အလေးထား၍ ဆောင်ရွက်ရမည်။

၃။ သောကြာနေ့၌ စူရာကဟဖ်ဖတ်သင့်ပေသည်။

၄။ ခွသ်ဗဟ်စချိန်မှ နမားဇ်ပြီးချိန်ထိနှင့် အစွရ်နမားဇ်ပြီးမှ နေဝင်ချိန်ထိ ဒုအာကဗူလ်ပြုသောအချိန်ဖြစ်သောကြောင့် အထူးဂရုပြု၍ ဒုအာတောင်းခံသင့်ပေသည်။

၅။ ဂျုမိုအာနမားဇ်အား ဘယ်သောအခါမှ လက်မလွတ်ပါနှင့်၊ သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်က ၎င်းသူအား ဟေဒါယသ်လမ်းမှန်မှ လက်မဲ့ဖြစ်သူများထဲတွင် သတ်မှတ်တော်မူလိမ့်မည်။

၆။ ဂျုမိုအာနမားဇ်၏ အဇာန်ဆိုသည်နှင့် ဗလီသို့ သွားရပေမည်။ မိမိလုပ်ငန်းဆောင်တာအားလုံးအား ရပ်ဆိုင်းလိုက်ရပေမည်။

၇။ ဗလီ၌ ပထမလိုင်း၌နေရာရရန် ကြိုးစားရမည်။ ပထမလိုင်းနေရာမရပါက ရရှိသည့်နေရာတွင် ထိုင်လိုက်ရမည်။ လူများ၏ ပခုံးများကိုကျော်၍ တိုးဝှေ့၍ နေရာမယူသင့်ပေ။

၈။ ခွသ်ဗဟ်အား တိုတိုဖတ်၍ နမားဇ်အား ရှည်လျားစွာ ဝတ်ပြုရမည်။ ခွသ်ဗဟ်ကို အရဗီဖြင့်ဖတ်ရမည်။

၉။ ဂျိမိုအာနမားဇ်၌ စူရာအအ်လာနှင့် စူရာဂါရှိယာ(သို့) စူရာမုနာဖေကူးန် နှင့် စူရာဂျိမိုအာဖတ်ခြင်းသည် စွန္နသ်ဖြစ်ပေသည်။

၁၀။ သောကြာနေ့၌ တမန်တော်မြတ်(ﷺ)အား ဒရူးဒ်ရှရီးဖ်များမြောင်စွာပို့သရမည်။

## (၁၅) ကွယ်လွန်သေဆုံးခြင်းနှင့် ဂျနာဇာ၏ ရှိသေသမှုများ

၁။ တစ်ဦးတစ်ယောက်ကွယ်လွန်ချိန် နီးကပ်လာသောအခါ ၎င်း၏အနား၌ ကလိမဟ်တွိုင်ယေဗဟ်ကို အသံမြင့်၍ ရွတ်ဆိုနေရမည်။ ၎င်းအား ရွတ်ဆိုရန် မတိုက်တွန်းရပေ။

၂။ စကရားသ်အချိန်ရောက်နေလျှင် ၎င်း၏အနား၌ စူရာယာစီးန်ဖတ်ရမည်။

၃။ ကွယ်လွန်သေဆုံးသွားပြီဆိုလျှင် ၎င်းသေသူအား ရေမချိုးသေးမီ ၎င်း၏အနား၌ ကျမ်းမြတ်ကုရ်အာန်မဖတ်ရပေ။

၄။ ကွယ်လွန်သူအနားသို့ ရေချိုးရန် တာဝန်ရှိသူ၊ ဓမ္မတာသွေးဆင်းနေသူ ၊ မီးဖွားထားသူများလာခွင့်မရှိပေ။

၅။ ကွယ်လွန်သည့်သတင်းကြားလျှင် اِنَّالِلّٰهِوَاِنَّااِلَيۡهِرَاجِعُوۡنَ ရွတ်ဆိုရမည်။

၆။ မိမိ၏ အိမ်သူ၊ အိမ်သား ဆွေမျိုးသားချင်းကွယ်လွန်သည့်အပေါ် မျက်ရည်ကျလျှင် အပြစ်မရှိပေ။ သို့သော် ငိုယိုအော်ဟစ်ခြင်း၊ ရင်ကျိုးခြင်းတို့ မပြုလုပ်ရပေ။ ရင်ဘတ်တီးခြင်း၊ အင်္ကျီစများဆွဲဆုတ်ခြင်းများမှ အထူးရှောင်ကြဉ်ရမည်။

၇။ တစ်ဦးဦးကွယ်လွန်သွားလျှင်ၡင်း၏လက်၊ ခြေတို့အား ဖြောင့်တန်းအောင်ပြုပေးရမည်။ မျက်လုံးပိတ်ပေးရမည်။ မေးအောက်၌အဝတ်စထား၍ ဦးခေါင်းဘက်မှ ပတ်၍ချည်နှောင်ပေးရမည်။ ခြေမနှစ်ဖက်ကို ပူး၍ချည်နှောင်ပေးရမည်။ ပြီးလျှင် အပေါ်မှ အဝတ်ဖြင့်ဖုံးအုပ်ပေးရမည်။ ဤသည်တို့ကို ပြုလုပ်နေစဉ် بِسْمِ اللّٰهِ وَعَلٰى مِلَّةِ رَسُوْلِ اللّٰهِ ကို ဖတ်ရွတ်နေရမည်။

**အာမိပျာယ်**- အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။ ၎င်းပြင် အရှင်တမန်တော်၏ နည်းစနစ်အတိုင်း ပြုလုပ်ပါ၏။

၈။ ကွယ်လွန်ကြောင်း ကြေငြာပေးရမည်။ ကွယ်လွန်သူ၏ ကောင်းကြောင်းများသာ တင်ပြရမည်။ မကောင်းကြောင်းများကို မတင်ပြပါနှင့်။

၉။ တစ်ဦးတစ်ယောက်ကွယ်လွန်သေဆုံးသည့်အပေါ် သည်းခံမြဲသိပ်မှု ပြုရမည်။ အရှင်မြတ်အား ကျေးဇူးကန်းသော စကားများမပြောရပေ။

၁၀။ သေဆုံးသူအား ရေချိုးပေးရန် အချိန်မဆွဲပါနှင့်။ ရေချိုးရာတွင် ဇီးရွက်ပြုတ်ရည်ကိုသုံးစွဲပါ။

၁၁။ ရေချိုးပေးသူသည် ကွယ်လွန်သူ၏ အပြစ်အနာအဆာများကို ဖုံးဖိထားရမည်။

၁၂။ ကဖာန်ဝတ်ဆင်ပေးရာတွင် အလယ်အလတ်တန်းစား အဝတ်အဖြူကို ရွေးချယ်ရမည်။

၁၃။ ဂျနာဇာကို ကဗရ်စတာန်သို့ ခြေလှမ်းသွက်သွက်ဖြင့် ပို့ဆောင်ရမည်။ အဘယ်ကြောင့်ဆိုသော် ကွယ်လွန်သူသည် ကောင်းသူဖြစ်လျှင် ၎င်းကို ကောင်းသောစခန်းထိအမြန်ပို့ဆောင်ခြင်းဖြစ်၍ ကွယ်လွန်သူသည် မကောင်းသူဖြစ်လျှင် ၎င်း၏ဆိုးကျိုးမှ အမြန်ဆုံးကင်းဝေးသွားစေရန် ဖြစ်သည်။

၁၄။ ဂျနာဇာနှင့်အတူ လမ်းလျှောက်သွားရမည်။ အကယ်၍ ဂျနာဇာတစ်ခုကို တွေ့လျှင် အသင်ဂျနာဇာနှင့် အတူ လိုက်သွားရန် ဆန္ဒမရှိပါက ခေတ္တရပ်နားပြီး ဂျနာဇာအသင့်ကို ကျော်လွန်သွားပြီးမှ အသင့်ခရီးကို ဆက်လက်သွားပါ။

၁၅။ ဂျနာဇာအား ပခုံးဖြင့် ထမ်းရမည်။ ဂျနာဇာနမားဇ်လည်း ဖတ်ရပေမည်။

၁၆။ ကဗရ်အား တောင်မြောက်တူးရမည်။ ကွယ်လွန်သူအား ကဗရ်အတွင်းချသောအခါ ကိဗ်လဟ်ဘက်သို့ မျက်နှာမူ၍ ချပေးရမည်။ ကဗရ်အတွင်းသို့ နှစ်ဦး(သို့) သုံးဦး၊ လေးဦး လိုအပ်သလို ဆင်းနိုင်ပေသည်။ သေဆုံးသူ၏ မျက်နှာအားလည်း ကိဗ်လဟ်ဘက်သို့ လှည့်ပေးရမည်။ ကဖွန်၏ချည်ထားသော နေရာများကို ဖြည့်ပေးလိုက်ရမည်။

၁၇။ ကွယ်လွန်သူသည် အမျိုးသမီးဖြစ်ပါက ကဗရ်အတွင်းသို့ ချသောအချိန် ပရ်ဒါအကာအကွယ်ထားရမည်။

၁၈။ ကဗရ်အတွင်းသို့ မြေကြီးထည့်သောအခါ ခေါင်းရင်းဘက်မှ အစပြုပါ။ လက်နှစ်ဖက်ဖြင့် မြေကြီးယူ၍ တွင်းထဲသို့ သုံးကြိမ် သုံးခါထည့်ပါ။

ပထမအကြိမ်မြေကြီးထည့်သောအခါ **مِنۡهَاخَلَقۡنٰكُمۡ** ဖတ်ပါ။

**အဓိပ္ပာယ်** - ဤမြေကြီးဖြင့် ငါအရှင်မြတ်က အသင်တို့အား ဖန်ဆင်းခဲ့သည်။ ဒုတိယအကြိမ်မြေကြီးထည့်သောအခါ **وَفِيۡهَانُعِيۡدُكُمۡ** ဖတ်ပါ။

**အဓိပ္ပာယ်**- ၎င်းပြင် ဤမြေကြီး၌သာ ငါအရှင်အသင်တို့အား ပြန်လည် ပို့ဆောင်လေသည်။ တတိယအကြိမ် မြေကြီးထည့်သောအခါ **وَمِنۡهَانُخۡرِجُكُمۡ تَارَةً اُخۡرٰى** ဖတ်ပါ။

**အဓိပ္ပာယ်** - ၎င်းပြင် ဤမြေကြီးမှပင် ငါအရှင်အသင်တို့အား တဖန် ပြန်လည်ရှင်သန်ထစေတော်မူမည်။

၁၉။ ကဗရ်အား အမြင့်ကြီးမြေမဖို့ပါနှင့်၊ ၎င်းတွင်းထဲမှ ထုတ်ယူ ထားသည့်မြေကြီးဖြင့်သာ ပြန်ဖို့လိုက်ရမည်။

၂၀။ မြေဖို့ပြီးနောက် ကဗရ်အား ရေအနည်းငယ်ပက်ဖျန်းလိုက်ရမည်။

၂၁။ ဒဖန်လုပ်ပြီးနောက် ခေတ္တခဏကဗရ်အနား၌ ဆိုင်းငံ့နေပါ။ သေဆုံးသူအတွက် ဒုအာ၊ မဂ်ဖွေရသ်တောင်းခံပေးပါ။ ကုရ်အာန်ကျမ်းမြတ် အာယသ်တော်အချို့ဖတ်ပြီး ကွယ်လွန်သူ အတွက် ဆဝါးဗ်ပို့သပေးပါ။

၂၂။ ဆွေမျိုးသားချင်းထဲမှသော်လည်းကောင်း၊ အိမ်နီးနားချင်းထဲမှ သော်လည်းကောင်း၊ တစ်ဦးဦးသေဆုံးလျှင် ၎င်းအိမ်သို့ တစ်နပ်စာ၊ နှစ်နပ်စာထမင်းပို့သပေးပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းအိမ်သားများသည် ပူဆွေးသောကရောက်နေကြသည်။

၂၃။ (၃)ရက်ထက်သာပို၍ ကွယ်လွန်သူအတွက် ဝမ်းနည်းပူဆွေးမှု မပြုရပေ။ သို့သော် ခင်ပွန်းကွယ်လွန်ပါက ဇနီးသည်မှာ (၄)လ နှင့် (၁၀)ရက်ပြင်ဆင်ဖီးလိမ်းခြင်း မပြုရပေ။

၂၄။ ကွယ်လွန်သူဘက်မှ တတ်နိုင်သမျှ ဆွဒကဟ်ခိုင်ရားသ် လှူဒါန်းမှုပြုရပေမည်။

၂၅။ ဂျနာဇာအား မြေပေါ်မချမခြင်း မထိုင်ပါနှင့်။

၂၆။ ဂျနာဇာနှင့်အတူသွားရင်း မိမိအားလည်း တစ်နေ့မြေကြီး၌ အပ်နှင်းခြင်း ခံရမည်ကို စဉ်းစားနေရမည်။

၂၇။ ကဗရ်စတာန်သို့ရောက်လျှင် အောက်ပါဒုအာရွတ်ဆိုပါ။

اَلسَّلَامُ عَلَيْكُمْ اَهْلَ الدِّيَارِ مِنَ الْمُؤْمِنِيْنَ وَالْمُسْلِمِيْنَ وَاِنَّا اِنْ شَاءَ اللهُ

بِكُمْ لَاحِقُوْنَ اَسْأَلُ اللهَ لَنَا وَلَكُمُ الْعَافِيَةَ

**အဓိပ္ပာယ်** - ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ အသင်တို့အပေါ်သို့ အို- အီမာန်ရှင် မုစ်လင်မ်ကွယ်လွန်သူအပေါင်းတို့ အရှင်မြတ် အလိုတော်ရှိလျှင် ကျွန်ုပ်တို့လည်း ခင်ဗျားတို့နှင့်မကြာမီ တွေ့ဆုံ ကြရ မည်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် အသင်တို့ အတွက် အရှင်မြတ်ထံတော်၌ အရှင်မြတ်၏ အပြစ်ဒဏ်နှင့် အမျက်ဒေါသမှ

လွတ်ကင်းရန် ဆုပန်ကြပါသည်။

၂၈။ ကပဲရ်စတာန်၌ ရယ်မောခြင်း၊ လောကီရေးစကားများပြောခြင်း မပြုသင့်ပေ။ သို့ပင်မက အာခေရသ်ခရီးကို စဉ်းစားတွေးတော နေရမည်။

၂၉။ ကပဲရ်များကို အခိုင်အမာပြုလုပ်ခြင်း၊ ဆင်ယင်ခြယ်သခြင်း ပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၃၀။ ကပဲရ်စတာန်ရောက်လျှင် ၎င်း၌ရှိသော ကွယ်လွန်သူများ အတွက် အီဆွာလေဆဝါးဗ်ပို့ပေးပြီး မဂ်ဖွေရသ်လွတ်ငြိမ်း ချမ်းသာခွင့် တောင်းခံပေးသင့်ပေသည်။

## (၁၆) အိမ်ရှင်နှင့် ဧည့်သည်၏ ရှိသေသမှုများ

၁။ ဧည့်သည်ရောက်ရှိလာသည့်အခါ အိမ်ရှင်က ပျော်ရွှင်မှုကို ဖော်ထုတ်ရမည်။ လှိုက်လှဲပျူငှာစွာ ကြိုဆိုရမည်။

၂။ ဧည့်သည်အား ဦးစွာစလာမ်ဆိုရမည်။ သာကြောင်း၊ မာကြောင်း မေးမြန်းရမည်။

၃။ မိမိ၌ရှိသော စားသောက်စရာများကို စိတ်သဘောထား ဖြူစင်စွာဖြင့် ဧည့်ခံကျွေးမွေးရမည်။

၄။ ဧည့်သည်ရောက်လာသည်နှင့် ၎င်းအတွက်လိုအပ်ချက်များကို စီစဉ်ပေးရမည်။ ရေချိုးခန်း၊ အိမ်သာ၊ ၎င်းတည်းခိုရမည့်နေရာ၊ အခန်းတို့ကို ပြသထားရမည်။

၅။ ဧည့်သည်၏အနီး၌ အချိန်ပြည့်ထိုင်မနေသင့်ပေ။ ၎င်း၏ အနားယူမည့်အချိန်ကို နားလည်စွာဖြင့် ရှောင်ပေးသင့်ပေသည်။ သို့မဟုတ်ပါက ဧည့်သည်မှာ စိတ်ဒုက္ခရောက်နေ လိမ့်မည်။

၆။ ဧည့်သည်၏ ဂုဏ်သိက္ခာအား ထိန်းသိမ်းပေးရမည်။ဧည့်သည်၏ ဂုဏ်သိက္ခာကျဆင်းအောင် တစ်ဦးဦးက ပြုလုပ်လာလျှင် အိမ်ရှင်က ဧည့်သည်ဘက်မှနေပြီး ဧည့်သည်အတွက် ရင်ဆိုင်ဖြေရှင်းပေးရမည်။

၇။ အိမ်ရှင်၏ တာဝန်မှာ ဧည့်သည်အား သုံးရက်ထိ ဧည့်ခံကျွေးမွေးရမည်။ ထို(၃)ရက်အနက် ပထမရက်တွင် အထူးစီမံချက်ပြုတ်ကျွေးမွေးရမည်။ ကျန်နှစ်ရက်တွင်မူ မိမိအိမ်၌ စားသကဲ့သို့သာ ကျွေးမွေးနိုင်ပေသည်။

၈။ ဧည့်သည်အား မိမိအိမ်မှ အိမ်ဖော်စသည်တို့နှင့် ဧည့်ခံမှုမပြုစေပဲ ကိုယ်တိုင်ကိုယ်ကျ ဧည့်ခံရမည်။

၉။ ဧည့်သည်အတွက်ကြောင့် မိမိ၏ အခွင့်အရေးစွန့်လွှတ်ရမည်ဆိုပါကလည်း စွန့်လွှတ်၍ ဧည့်သည်အား ဦးစားပေးရမည်။

၁၀။ ဧည့်သည်က ရိုင်းပြစွာ ဆက်ဆံခဲ့လျှင်လည်း အိမ်ရှင်က ချိုသာနူးညံ့မှုဖြင့်သာ တုံ့ပြန်ရမည်။

၁၁။ အကယ်၍ ဧည့်သည်မှာ လူကောင်း၊ သူကောင်းဖြစ်လျှင် မိမိ၏ ကောင်းခြင်းများအတွက် ဒုအာပြုရန် မေတ္တာရပ်ခံသင့်ပေသည်

၁၂။ တစ်ဦးဦး၏ အိမ်သို့ဧည့်သည်အဖြစ် သွားရောက်ပါက အိမ်ရှင်မိသားစုနှင့်ဆီလျော်သောလက်ဆောင်တစ်ခုခုယူဆောင်သွားရမည်။

၁၃။ ဧည့်သည်သည် သူတစ်ပါးအိမ်၌ (၃)ရက်ထက်ပို၍ တည်းခိုခြင်းမပြုသင့်ပေ။

၁၄။ အမြဲတမ်း ဧည့်သည်အဖြစ်ပဲ မသွားပါနှင့်။ သူတစ်ပါးအားလည်း မိမိထံလာရောက်လည်ပတ်ရန် ဖိတ်ခေါ်ရမည်။

၁၅။ ရာသီဥတုအခြေအနေပေါ်မူတည်၍ လိုအပ်ပါက အိပ်ယာအခင်းအကျင်းတို့ကို ယူဆောင်သွားရမည်။

၁၆။ အိမ်ရှင်၏ လုပ်ငန်းဆောင်တာများအားလည်း ထောက်ထားမှုရှိရမည်။ သို့မဟုတ်ပဲ ဧည့်သည်ကြောင့် အိမ်ရှင်၏ လုပ်ငန်း၌ အနှောင့်အယှက်ဖြစ်လာပါက လုံးဝ မသင့်လျော်ပေ။

၁၇။ အိမ်ရှင်ထံမှ အမျိုးမျိုးတောင်းဆိုချက် မပြုလေနှင့်။

၁၈။ သွားရောက်တည်းခိုသောအိမ်၌ မိမိနှင့် နေကာဟ်ပိုင်သောအမျိုးသမီးများရှိနေပါက အိမ်ရှင်မရှိပဲ ၎င်းတို့နှင့် စကားစမြည်မပြောဆိုပါနှင့်။

၁၉။ တစ်ဦးတစ်ယောက်ထံ၌ ဒအ်ဝသ်ဖိတ်ခေါ်ကျွေးမွေးလျှင်စားသောက်ပြီးသောအခါ အိမ်ရှင်အတွက် ဘရ်ကသ်မင်္ဂလာကျရောက်ပါရန် ဒုအာဆုတောင်းပေးရမည်။

၂၀။ အိမ်ရှင်ကကျွေးမွေးသော်လည်း မစားသုံးလိုပါက အလွန်ယဉ်ကျေးသိမ်မွေ့စွာဖြင့် ခွင့်လွှတ်ရန် ပန်ကြား၍ အိမ်ရှင်အတွက် ရိုဇီမှာ ဘရ်ကသ်ကျရောက်ရန် ဆုပန်ပေးသင့်ပေသည်။

## (၁၇) အခမ်းအနား (သို့) ထိုင်ခိုင်း၏ ရှိသေသမှုများ

၁။ အမြဲတစေကောင်းသောသူများ၏ ထိုင်ဝိုင်းတွင်သာ ထိုင်ရန် ကြိုးစားရမည်။

၂။ ထိုင်ဝိုင်း၌ စကားစမြည်ပြောနေကြလျှင် မိမိလည်း ဝင်ရောက် ပြောဆိုရမည်။ မျက်မှောင်ကြုံ့၍ မထိုင်နေသင့်ပေ။

၃။ သဘာပတိက ရောက်ရှိလာသူတိုင်းအား မိမိတို့၏ အတွေး အခေါ်ကို ဖော်ထုတ်တင်ပြခွင့် ပေးရမည်။

၄။ အကယ်၍ ထိုင်ဝိုင်း၌ လောကီရေးရာ စကားများသာ ပြောဆို နေကာ သာသနာ့စကားလုံးဝမပါလျှင် လိမ္မာပါးနပ်စွာဖြင့် စကားဝိုင်း၏ ဦးတည်ရာကို သာသနာ့စကားများဘက်သို့ ပြောင်းလဲပေးသင့်သည်။

၅။ ထိုင်ဝိုင်းတွင်ရသည့်နေရာ၌ ထိုင်လိုက်ရမည်။ လူများကို ဘေးဖယ်၍ မထိုင်ရပေ။

၆။ အကယ်၍ ဝိုင်းဖွဲ့၍ထိုင်နေကြလျှင် အသင်အလယ်တည့်တည့်၌ သွားရောက်မထိုင်ပါနှင့်။

၇။ ထိုင်ဝိုင်းရှိ လူတစ်ဦးက ကိစ္စပေါ်၍ထသွားလျှင် ၎င်း၏နေရာကို ချန်လှပ်ထားရမည်။ ၎င်းသူပြန်လာမှာ မဟုတ်ဟု တထစ်ချ သိရှိသွားသောအခါ ၎င်း၏နေရာ၌ ထိုင်လိုက ထိုင်နိုင်ပေသည်။

၈။ အကယ်၍ ထိုင်ဝိုင်းတစ်ခုတွင် လူနှစ်ဦးပူးပူးကပ်ကပ် ထိုင်နေ ပါက ၎င်းတို့နှစ်ဦး၏ ခွင့်ပြုချက်မယူဘဲ ၎င်းတို့အကြား၌ မထိုင်လေနှင့်။

၉။ အခမ်းအနားတစ်ခုတွင် သီးသန့်စီစဉ်ထားသောနေရာ၌ မထိုင်ပါနှင့်။ အကယ်၍ ယင်းနေရာ၌သာ ထိုင်ရန် အတင်းအကြပ်တိုက်တွန်းပါက သွားရောက်ထိုင်လိုက်ရမည်။

၁၀။ ထိုင်ဝိုင်းတွင် အမြဲတစေ ယဉ်ကျေးစွာ ထိုင်ရမည်။ ခြေဆင်း၍ ခြေသလုံးများ ဖော်၍မထိုင်သင့်ပေ။

၁၁။ မိမိက အရင်ရောက်နေလျှင် နောက်မှရောက်ရှိလာသူများအတွက် ထိုင်နေသည့်နေရာအား အနည်းငယ်ကျုံ့ပေးပြီး ၎င်းတို့ကို ထိုင်စေရမည်။

၁၂။ အခမ်းအနားတွင် တစ်ဦးဦး၏ရှေ့၌ ရပ်နေခြင်း၊ ဟိုထောင့်၊ ဒီထောင့်၌ ရပ်နေခြင်းများ မပြုအပ်ပေ။

၁၃။ ထိုင်ဝိုင်းတစ်ခုတည်းတွင် လူနှစ်ဦးက တီးတိုးတီးတိုး စကားမပြောရပေ။ အခြားသူများ၏ စိတ်ထဲ၌ မကောင်းသော အထင်အမြင်ဖြစ်လာနိုင်ပေသည်။

၁၄။ အခမ်းအနား၌ တစ်စုံတစ်ရာပြောဆိုလိုပါက သဘာပတိအား ခွင့်ပန်၍ ပြောဆိုရမည်။

၁၅။ အခမ်းအနားတစ်ခုတွင် တစ်ချိန်တည်းမှာ တစ်ဦးသာလျှင် ပြောဆိုသင့်၍ ကျန်လူများမှာ ဂရုစိုက်၍ နားထောင်နေသင့်သည်။

၁၆။ ထိုင်ဝိုင်း၌ ပြောလိုက်သောစကားများမှာ အမာနသ်ဖြစ်၍ ၎င်းစကားများကို အခြားသူများအား ဖောက်သည်မချရပေ။

၁၇။ ထိုင်ဝိုင်းတစ်ခုတွင် ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးနေလျှင် ဆုံးဖြတ်ချက်တစ်ခု မချရသေးပဲ အခြားခေါင်းစဉ်တစ်ခုကို မဆွေးနွေးပါနှင့်။

၁၈။ သဘာပတိက အခမ်းအနားဌ် စကားပြောလျှင် ရောက်ရှိနေသူအားလုံးဘက်သို့လှည့်၍ ပြောရမည်။

၁၉။ ထိုင်ဝိုင်းတစ်ခုဖြစ်လျှင် ၎င်းထိုင်ဝိုင်းဌ် အလ္လာဟ်နှင့် ရစူလ်၏ သတိရတသမှုမှ လွတ်ကင်းမနေသင့်ပေ။

၂၀။ အခမ်းအနားကိုအောက်ပါဒုအာရွတ်ဆိုတောင်းခံ၍ရုပ်သိမ်းရမည်။

**اَللّٰهُمَّ اقْسِمْ لَنَا مِنْ خَشْيَتِكَ مَا تَحُوْلُ بَيْنَنَا وَبَيْنَ مَعْصِيَتِكَ وَمِنْ طَاعَتِكَ**

**مَا تُبَلِّغُنَا بِهٖ جَنَّتَكَ وَمِنَ الْيَقِيْنِ مَا تُهَوِّنُ بِهٖ عَلَيْنَا مَصَائِبَ الدُّنْيَا**

**အဓိပ္ပာယ်** - အိုအရှင် - အရှင်သည် ကျွန်တော်မျိုးတို့ကို မိမိ၏ ကြောက်ရွံ့မှုအား ချီးမြှင့်ပြီးသကာလ ကျွန်တော်မျိုးတို့နှင့် အရှင့်၏ အမိန့်ဖီဆန်မှုအကြားဌ် အကာအကွယ်ပြုပေး သနားတော်မူပါ။ ၎င်းပြင် အရှင့်၏ ဂျန္နသ်ဥယျာဉ်ဘုံနန်းသို့ ပို့ဆောင်ပေးမည့် အမိန့်နာခံမှု ချီးမြှင့်တော်မူပါ။ ၎င်းပြင် လောက၏ ဆုံးရှုံးနစ်နာမှုကို ခုခံနိုင်စွမ်းရှိသော အရှင့်၏ ယုံကြည်အားကိုးမှု ချီးမြှင့်တော်မူပါ။

**اَللّٰهُمَّ مَتِّعْنَا بِاَسْمَاعِنَا وَاَبْصَارِنَا وَقُوَّتِنَا مَا اَحْيَيْتَنَا وَاجْعَلْهُ الْوَارِثَ مِنَّا**

**အဓိပ္ပာယ်**- အိုအရှင် - အရှင်ကျွန်တော်မျိုးတို့အား သက်တမ်းပေးထားသရွေ့၊ ကျွန်တော်မျိုးတို့၏ အမြင်အာရုံ၊ အကြားအာရုံနှင့် ကိုယ်ခန္ဓာ

စွမ်းအားများမှ အကျိုးခံစားခွင့် ချီးမြှင့်တော်မူပါ။ ၎င်းပြင် ဤကောင်းကျိုးများကို ကျွန်တော်မျိုးတို့ မရှိသည့် နောက်ပိုင်းလည်း တည်တံ့စေတော်မူပါ။

**وَاجْعَلْ ثَأْرَنَاعَلٰى مَنْ ظَلَمَنَاوَانْصُرْنَاعَلٰى مَنْ عَادَانَا**

**အဓိပ္ပာယ်** - ကျွန်တော်မျိုးတို့အပေါ် မတရားပြုသူများမှ အရှင်အစားယူတော်မူပါ။ ကျွန်တော်မျိုးတို့အား ရန်ပြုသူများအပေါ် ကျွန်တော်မျိုးတို့ကို အောင်နိုင်မှု ပေးသနားတော်မူပါ။

**وَلَاتَجْعَلْ مُصِيْبَتَنَافِىْ دِيْنِنَاوَلَاتَجْعَلِ الدُّنْيَااَكْبَرَ هَمِّنَا**

**အဓိပ္ပာယ်**- ကျွန်တော်မျိုးတို့အား သာသနာ၏ စမ်းသပ်မှုများ၌ မနစ်မွန်းလိုက်ပါနှင့်။ ၎င်းပြင် လောကီကို ကျွန်တော်မျိုးတို့၏ ရည်မှန်းချက်ကြီးအဖြစ် မပြုလုပ်လိုက်ပါနှင့်။

**وَلَامَبْلَغَ عِلْمِنَاوَلَاتُسَلِّطْ عَلَيْنَامَنْ لَّايَرْحَمُنَا**

**အဓိပ္ပာယ်**- ၎င်းပြင် လောကီကို ကျွန်တော်မျိုးတို့၏ အသိပညာ၊ အတတ်ပညာ၏ ခရီးဆုံးပန်းတိုင်အဖြစ် မသတ်မှတ်လိုက်ပါနှင့်၊ ၎င်းပြင်ကျွန်တော်မျိုးတို့အပေါ် သနားကြင်နာမှု မရှိသူကို ကျွန်တော်မျိုးတို့အား မအပ်နှင်းလိုက်ပါနှင့်။

## (၁၈) စကားပြောဆိုခြင်းနှင့် စာလွှာရေးသားခြင်း၏ ရှိသေသမှုများ

၁။ အမြဲတစေ အမှန်စကားသာပြောဆိုရမည်။

၂။ စကားပြောလျှင် ချိုသာနူးညံ့စွာဖြင့် မျက်နှာထားပြုံးရွှင်စွာထား၍ ပြောဆိုရမည်။

၃။ လိုအပ်သည့်အခါမှသာ စကားပြောပါ။

၄။ ညစ်ညမ်းသောစကားမပြောပါနှင့်။

၅။ သူတစ်ပါး၏ မကောင်းကြောင်း မပြောပါနှင့်။

၆။ ဂုံးမချောနှင့်။

၇။ သူတစ်ပါးကို အတုခိုး၍ စကားမပြောနှင့်။

၈။ လိမ်လည်၍ ကတိမပေးနှင့်။

၉။ သူတစ်ပါးအား နောက်ပြောင်ကျီစယ်မှုမပြုနှင့်၊ သူတစ်ပါးအား နာမည်ဖျက်၍ မခေါ်နှင့်။

၁၀။ စကားတိုင်းကစမ်းမကျိန်ဆိုနှင့်။

၁၁။ တရားမျှတမှုရှိသော စကားသာပြောပါ။

၁၂။ အမျိုးသမီးများသည် အမျိုးသားများနှင့် စကားပြောရန် လိုအပ်လျှင် လိုသည်ထက်ပို၍အသံကို ပျော့ပျောင်းအောင် လုပ်ပြီး မပြောဆိုနှင့်။

၁၃။ အကျိုးမဲ့စကားပြောပြီး အချိန်မဖြုန်းနှင့်။

၁၄။ နားထောင်နေသူ နားလည်လာသည့်တိုင် စကားကိုပြန်ကျော့၍ ပြောဆိုရမည်။

၁၅။ တိုတိုနှင့်လိုရင်းရောက်အောင် ပြောဆိုရမည်။

၁၆။ မိမိသိက္ခာကျဆင်းစေမည့်စကားမျိုးမပြောဆိုနှင့်။ စကားကို တည်ငြိမ်စွာဖြင့် အိန္ဒြေရရပြောဆိုရမည်။

၁၇။ တစ်ဦးဦးက မေးမြန်းလျှင် အဖြေကို စဉ်းစားပြီးမှ ပြောဆိုရမည်။

၁၈။ မိမိစကားပြောနေသူ၏ အသက်၊ အဆင့်အတန်း၊ တော်စပ်မှု တို့ကို ထောက်ထား၍ စကားပြောဆိုရမည်။ သဘောမှာ မိဘဆိုလျှင် လူငယ်ပုံစံဖြင့် ဆရာသမားဆိုလျှင် တပည့်ပုံစံဖြင့် ပြောဆိုရမည်။

၁၉။ စကားပြောဆိုနေစဉ် အခြားသူတစ်ဦးတစ်ယောက်ဘက်သို့ လက်ညှိုးမထိုးပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသူ၏ စိတ်ထဲမှာမကောင်းသော အထင်အမြင်ဖြစ်ပေါ်လာလိမ့်မည်။

၂၀။ စကားနည်းနည်းပြော၍ များများနားထောင်ရမည်။

၂၁။ စာရေးလျှင် ဦးစွာ ﴿ ﴾ ရေးသားရမည်။ ၇၈၆ မရေးပါနှင့်။

၂၂။ မိမိ၏ လိပ်စာကို ညာဘက်၌ရေးရမည်။

၂၃။ လိပ်စာအောက်၌ ရက်စွဲလည်း ရေးရမည်။

၂၄။ စာပို့မည့်သူ၏ နာမည်၊ ဂုဏ်ပုဒ်ကို ၎င်း၏အောက်၌ ရေးရမည်။ ၎င်းနောက် မိမိရေးသားလိုသော အကြောင်းအရာကို ရေးပြီး မိမိနှင့်စာပို့မည့်သူ၏ ဆက်စပ်မှုကို ဖော်ထုတ်သော စကားလုံး များ (ဥပမာ-အမေ့သား၊ ဆရာ့တပည့်) ရေးပြီး စာကိုအဆုံးသတ် လိုက်ရမည်။

၂၅။ အကြောင်းအရာကို နားလည်လွယ်အောင် ရှင်းရှင်းလင်းလင်း

ရေးသားရမည်။

၂၆။ စာပိုဒ်အသစ်စလျှင် နေရာအနည်းငယ်ချန်လှပ်ပြီးရေးပါ။

၂၇။ ရိုးရိုးစာလွှာရေးလျှင် လျှို့ဝှက်ချက်များ ထည့်မရေးပါနှင့်။

၂၈။ အခြားသူ၏ စာအား ခွင့်ပြုချက်မရပဲ မဖတ်ပါနှင့်။ သို့သော် အိမ်မှလူကြီးများမှာမူ မိမိ၏ သားသမီးများထံလာသော စာအား ဖွင့်ဖတ် သင့်ပေသည်။

၂၉။ ဒုက္ခရောက်နေသော ဆွေမျိုးသားချင်း၊ မိတ်ဆွေများအား နှစ်သိမ့်စာလွှာရေးပို့ရမည်။

၃၀။ အဝေးတစ်နေရာ၌ မိမိ၏ ဆွေမျိုးသားချင်းများ၏ မင်္ဂလာ ရှိသောကိစ္စတစ်ခုခုဖြစ်နေလျှင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ရေးပို့ရမည်။

၃၁။ စာရေးပြီး ပြန်ဖျက်လိုပါက မျဉ်းကြောင်းပါးပါးလေးတားလိုက် ရမည်။ (သို့) မင်ဖျက်ဖြင့် ဖျက်လိုက်ရမည်။

၃၂။ တစ်ဦးဦးထံ အကြောင်းအရာတစ်ခုခု မေးမြန်းလို၍ စာပို့လျှင် ပြန်စာအတွက် စာအိတ်၊ တံဆိပ်ခေါင်း ကုန်ကျငွေ ထည့်ပေး ရမည်။

၃၃။ စာထဲ၌ စာပို့မည့်သူ ၎င်း၏ မိသားစု၏ သာရေး၊နာရေး သတင်းများလည်း မေးမြန်းရမည်။

၃၄။ မုစ်လင်မ်မဟုတ်သူများကို စာရေးလျှင် ﴾ﷺ﴿ ဟု ထည့် မရေးပါနှင့်။

၃၅။ ဒေါသထွက်နေချိန် စာမရေးပါနှင့်၊ ကြမ်းတမ်းသောစကားလုံး များမရေးပါနှင့်။

## (၁၉) လူမမာမေးမြန်းခြင်း၏ ရှိသေသမှုများ

၁။ မုစ်လင်မ်တစ်ဦး နေမကောင်းလျှင် အခြားမုစ်လင်မ်များ၏ တာဝန်မှာ လူမမာမေးမြန်းရန် သွားခြင်းဖြစ်၏။

၂။ လူနာ၏ ခေါင်းရင်းဘက်၌ထိုင်ပြီး ၎င်း၏ ဦးခေါင်း(သို့) ရင်ဘတ်ပေါ် လက်တင်၍ ပွတ်သပ်ပေးပါ။ နှစ်သိမ့်စကားများ ပြောဆိုပါ။ ဒုအာလည်း ပေးရမည်။

၃။ လူနာထံ၌ အကြာကြီး မထိုင်ရပေ။ ဆူညံခြင်းမပြုရပေ။

၄။ လူနာရှင်များအား တွေ့ဆုံ၍ ဆရာဝန်၊ ဆေးဝါးအစရှိသည့် အကြံဉာဏ်ကောင်းများ ပေးရမည်။

၅။ မုစ်လင်မ်မဟုတ်သူများထံသို့လည်း လူမမာမေးမြန်းရန် သွားရောက်သင့်ပေသည်။

၆။ လူမမာအိမ်၌ မျက်လွှာကို ထိန်းသိမ်းရမည်။ ၎င်းအိမ်ရှိ အမျိုးသမီးများ ကို ကြည့်ရှုခြင်းမပြုရပေ။

၇။ အရှက်အကြောက်ကင်းမဲ့စွာဖြင့် အလ္လာဟ်အရှင်မြတ် အမိန့်ဖီဆန်နေသောသူများ မကျန်းမမာဖြစ်လျှင် အေယာဒသ် လုပ်ရန် မသွားပါနှင့်။

၈။ လူနာနှင့်တွေ့ဆုံပြီးနောက်ပိုင်း လူနာအား မိမိအတွက် ဒုအာတောင်းခိုင်းရမည်။

၉။ လူနာ၏ ခေါင်းရင်း၌ထိုင်ပြီး အောက်ပါဒုအာကို (၇)ကြိမ် တောင်းခံရမည်။

اَسْأَلُ اللهَ الْعَظِيْمَ رَبَّ الْعَرْشِ الْعَظِيْمِ اَنْ يَّشْفِعَكَ

**အာမီးပျာယ်** - ကျွန်တော်မျိုးသည် အရှ်ရှ်ပလ္လင်တော်ကို ပိုင်ဆိုင်တော်မူသော အရှင်သခင်ထံမှ တောင်းခံမှုပြုပါ၏။ ထိုအရှင်မြတ်သည် အသင့်အား ကျန်းမာရေးချီးမြှင့်တော်မူပါစေ။

လူနာအား အခြေအနေမေးမြန်းပြီးလျှင် အောက်ပါဒုအာ ရွတ်ဆိုပါ။

لَابَأْسَ طَهُوْرٌ اِنْ شَاءَاللهُ

**အာမီးပျာယ်**- စိုးရိမ်ထိန့်လန့်စရာမရှိပါ။ အရှင်မြတ်အလိုတော်ရှိပါက ရောဂါပျောက်ကင်းသွားပေလိမ့်မည်။ ရင်းပြင် အပြစ်ဂိုနာဟ်များ ချွတ်ကယ်ရန် အကြောင်းခံဖြစ်ပေလိမ့်မည်။

၁၀။ လူမမာ၏ နာကျင်နေသောနေရာပေါ် ညာဖက်လက်တင်၍ အောက်ပါဒုအာကို ရွတ်ဆိုပြီး ပွတ်သပ်ပေးပါ။

اَللّٰهُمَّ اَذْهِبِ الْبَأْسَ رَبَّ النَّاسِ اِشْفِهٖ وَاَنْتَ الشَّافِىْ لَا شِفَاءَ

اِلَّا شِفَاءُكَ شِفَاءً لَّا يُغَادِرُ سَقَمًا

**အာမီးပျာယ်**- အိုအရှင် ဤနာကျင်နေမှုကို ဝေးကွာအောင်ပြု ပေးသနားတော်မူပါ။ အို လူသားတို့၏ အရှင်သခင် ဤလူမမာကို ကျန်းမာရေး ပေးသနားတော်မူပါ။ အရှင်သည်သာ ကျန်းမာရေး ပေးနိုင်တော်မူသော အရှင်ဖြစ်ပေသည်။ အရှင်မှလွဲ၍ အခြား မည်သူထံမှ ကျန်းမာရေးရရန် မျှော်လင့်ချက်မရှိပေ။ ရောဂါ၏ အရိပ်အရောင်ပင်မကျန်တော့မည့် ကျန်းမာရေးမျိုး ပေးသနားတော်မူပါ။

## (၂၀) ဒုအာတောင်းခံခြင်း၏ ရှိသေသမှုများ

၁။ အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ဒုအာတောင်းခံရမည်။

၂။ အရှင်မြတ်ထံတော်၌ ဟလာလ်သန့်ပြန့်သော ပြုပိုင်သော အရာများသာ တောင်းခံရမည်။ မသန့်ပြန့်သော မပြုပိုင်သော အရာများ တောင်းခံခြင်းသည် အလွန်ပင် အရှက်ကင်းမဲ့သော၊ ရိုင်းပြသော အလုပ်ဖြစ်သည်။

၃။ ဒုအာတောင်းခံလျှင် အလွန်စိတ်ထားဖြူစင်စွာဖြင့်၊ နိယသ် သန့်သန့်ဖြင့် တောင်းခံရမည်။

၄။ ဒုအာတောင်းခံရာ၌ တည်တည်ငြိမ်ငြိမ် စိတ်ပါလက်ပါနှင့် မျှော်လင့်ချက်အပြည့်ထား၍ တောင်းခံရမည်။

၅။ ဒုအာတောင်းသူသည် မျက်လွှာများ အောက်ချ၍၊အသံကိုနှိမ့်၍၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လျှော့ချ၍ မိမိ၏ မတတ်စွမ်း နိုင်ကြောင်း ဖော်ထုတ်ပြသကာ တောင်းခံရမည်။ ငိုယို၍လည်း တောင်းခံရမည်။

၆။ စုပေါင်းဒုအာတောင်းခံလျှင် အခြားသူများလည်း ကြားနိုင် အောင် အသံမြှင့်၍ တောင်းခံရမည်။

၇။ ဒုအာတောင်းမည့်အလျှင် အမလ်အေဗါဒသ်တစ်ခုပြုလုပ်ရမည်။

၈။ အလ္လာဟ်အရှင်မြတ်ထံ ရည်ရွယ်ချက်ပြည့်မြောက်စေရန် ဒုအာ တောင်းခံခြင်းနှင့်အတူ မိမိသက်တမ်းကိုလည်း အရှင်မြတ် နှစ်သက်လက်ခံသော သက်တမ်းဖြစ်လာရန် ကြိုးစားရမည်။

၉။ မိမိလိုအင်ဆန္ဒများ ပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ စဉ်ဆက်မပြတ် ဒုအာတောင်းခံနေရမည်။

၁၀။ ဒုအာတောင်းခံချိန် ကိုယ်ခန္ဓာသန့်ပြန့်စင်ကြယ်မှုရှိရမည်။

အခြားသူများအတွက်လည်း ဒုအာတောင်းပေးရမည်။

၁၁။ ဒုအာတောင်းရာ၌ အလ္လာဟ်အရှင်မြတ်၏ ဂရုဏာတော်အား ကျဉ်းမြောင်းအောင် မပြုလုပ်ပါနှင့်။

၁၂။ ဒုအာတောင်းရာ၌ ကာရန်ညီအောင် ကဗျာဖွဲ့ဆိုသကဲ့သို့ မတောင်းပါနှင့်။ ပြုလုပ်ဖန်တီးမှုမပြုပဲ ကဗျာကဲ့သို့ ဖြစ်နေလျှင် ကိစ္စမရှိပေ။

၁၃။ ဒုအာ၌ မိမိ၏ လိုအပ်ချက်များ တောင်းမည့်အလျင် ဟမ်ဒိုစနာ (အရှင်မြတ်၏ချီးမွမ်းခန်း)နှင့် ဒရူးဒ်စလာမ် ပို့သရမည်။

၁၄။ အောက်ပါအချိန်များ၌ အထူးဒုအာတောင်းပါ။

(က) ည၏နောက်ဆုံးယံ

(ခ) ကဒရ်ည

(ဂ) ဂျုမိုအာနေ့

(ဃ) အရ်ဖွါးသ်ကွင်းပြင်

(င) အဇာန်ဆိုချိန်

(စ) အဇာန်နှင့် အေကာမသ်အကြား

(ဆ) ရမသွာန်လ အိဖ်တားရ်အချိန်

(ဇ) ဖရ်ဇ်နမားဇ်များ၏နောက်

(ဈ) အလွန်ဒုက္ခရောက်နေသောအချိန်

(ည) စိဂျ်ဒဟ်တွင်

(ဋ) သာသနာထိုင်ဝိုင်း

(ဌ) ကျမ်းမြတ်ကုရ်အာန်ခတမ်ဖြစ်ချိန်

၁၅။ ဒုအာ၌ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်လာ ဒုအာများကို ဦးစားပေး၍ တောင်းခံရမည်။

## စမ္မဝိဥ္စာနိမေးခွန်းများ

### ၁။ သေလာဝသေကူရ်အာန်

၁။ ကုရ်အာန်ဖတ်လျှင် မည်သည့်ဘက်သို့ မျက်နှာမူရသနည်း။ (အဖြေ နံပါတ် ၂)

၂။ ကုရ်အာန်ဖတ်လျှင် မည်သည်တို့အား ဂရုစိုက်၍ဖတ်ရမည်နည်း။ (အဖြေ ၄၊၅၊၇)

၃။ ကုရ်အာန်ကို မည်သို့ရည်ရွယ်လျက် ဖတ်ရမည်နည်း။ (အဖြေ၉)

၄။ ကုရ်အာန်ဖတ်မည့်အလျှင် အဘယ်ကို ရွတ်ဆိုရမည်နည်း။ (အဖြေ ၁၇)

၅။ သေလာဝသ်လုပ်စဉ် မည်သည်တို့မှ ရှောင်ကြဉ်ရမည်နည်း။ (အဖြေ၂၀)

### ၂။ နမားဇ်ဝတ်ပြုခြင်း

၁။ နမားဇ်၏ အစိတ်အပိုင်းများကို မည်သို့ဆောင်ရွက်ရမည်နည်း။ (အဖြေ-၆)

၂။ ဂျလ်စာထိုင်သောအခါအချိန်ရလျှင် ဘာဖတ်ရမည်နည်း။ (အဖြေ၇)

၃။ နမားဇ်အတွင်း၌ လုံးဝရှောင်ရှားရမည့် အချက်များကို ဖော်ပြပါ။ (အဖြေ-၁၁)

၄။ နမားဇ်၏အပြင်၌ မည်သို့နေထိုင်ရမည်နည်း။ (အဖြေ-၁၄)

၅။ နမားဇ်ပြီးလျှင် မည်သည့်ဒိုအာတောင်းခံရမည်နည်း။ (အဖြေ၂၀)

### ၃။ ဝတ်စားဆင်ယင်မှု

၁။ မည်သို့သော အဝတ်အစားမျိုး ဝတ်ဆင်ရမည်နည်း။ (အဖြေ၁)
၂။ မည်သို့သော အဝတ်အစားမျိုးမှ ရှောင်ရှားရမည်နည်း။(အဖြေ၃)
၃။ အဝတ်အစားအသစ် ဝတ်ဆင်သောအခါ မည်သည့်ဒုအာ တောင်းရပါမည်နည်း။ (အဖြေ ၈)
၄။ အမျိုးသားများမှာ အဝတ်အစားများကို မည်မျှအရှည် ဝတ်ရမည်နည်း။ အဘယ်ကြောင့်နည်း။ (အဖြေ ၁၂)
၅။ မည်သည့်အရောင်များမှ ရှောင်ကြဉ်သင့်သနည်း။ (အဖြေ ၁၈)

### ၄။ စားသောက်ခြင်း

၁။ အစာစားလျှင် မည်သို့ထိုင်ရမည်နည်း။ (အဖြေ ၅)
၂။ အစာစားလျှင် လက်ချောင်းမည်မျှဖြင့် စားသုံးရမည်နည်း။ (အဖြေ၇)
၃။ အစားအသောက်များ ပူလောင်နေလျှင် မည်သို့ပြုရမည်နည်း။ (အဖြေ၁၉)
၄။ စားသုံးပြီးလျှင် လက်ချောင်းများကို မည်သို့ပြုရမည်နည်း။ (အဖြေ၂၂)
၅။ ရေချိုးရန် တာဝန်ရှိသူသည် အစာစားပိုင်ပါသလား။ (အဖြေ၃၉)

### ၅။ မိဘနှစ်ပါးနှင့် ကောင်းမွန်စွာဆက်ဆံခြင်း

၁။ မိဘနှစ်ပါးအား မည်သို့ထားရမည်နည်း။ (အဖြေ၃)
၂။ မိဘနှင့်အတူ မည်သို့သွားလာရမည်နည်း။ (အဖြေ၈)
၃။ မိဘအား ချစ်ခင်သော အရှုဖြင့်ကြည့်လျှင် မည်သည့် အကျိုး

ရမည်နည်း။ (အဖြေ ၁၂)

၄။ မိဘနှစ်ပါးအတွက် မည်သို့ဒုအာတောင်းရမည်နည်း။ (အဖြေ၁၇)

၅။ မိဘနှစ်ပါးအနက် အကောင်းဆုံးဆက်ဆံရမည့်သူမှာ မည်သူနည်း။ (အဖြေ ၂၅)

**၆။ အိပ်စက်ခြင်း**

၁။ အိပ်သောအခါအိမ်၌ ဘာလုပ်ရမည်နည်း။ (အဖြေ၁၀၊၁၁)

၂။ အိပ်ယာအနား၌ ဘာအစီအစဉ်ထားရမည်နည်း။ (အဖြေ ၁၂၊၁၃)

၃။ အိပ်ယာပေါ်၌ထိုင်ပြီး အဘယ်စူရာများ ဖတ်ရမည်နည်း။ (အဖြေ ၁၆)

၄။ မည်သို့အိပ်ခြင်းမှ ရှောင်ကြဉ်ရမည်နည်း။ (အဖြေ၂၀၊ ၂၂)

၅။ ည၏နောက်ဆုံးယံ၌ ဘာလုပ်ရမည်နည်း။ (အဖြေ ၂၅)

**၇။ စလာမ်ဆိုခြင်းနှင့် တုံ့ပြန်ခြင်း**

၁။ စလာမ်ပေးသည့်အခါ နှုတ်လျှာမှဆိုရန် အရေးကြီးပါသလား။ (အဖြေ ၁၃)

၂။ မည်သူက မည်သူ့အား စတင်စလာမ်ပေးရမည်နည်း။ (အဖြေ ၁၄၊ ၁၅၊ ၁၆၊ ၁၇)

၃။ မည်သည့်အချိန်၌စလာမ်မဆိုရပါမည်နည်း(အဖြေ၂၃၊၂၄၊၂၅၊၂၆)

၄။ မည်သို့သောသူများအား စလာမ်မဆိုရန် မိန့်ထားပါသနည်း။ (အဖြေ ၂၇၊ ၂၈၊ ၂၉၊ ၃၀)

၅။ အိမ်ထဲ၌ မည်သူမျှမရှိလျှင် မည်သို့ပြုရမည်နည်း။ (အဖြေ၃၇)

## ၈။ ဗလီဝတ်ကျောင်းတော်

၁။ ဗလီဝတ်ကျောင်း၏ ဝတ္တရားများကို ဖော်ပြပါ။ (အဖြေ ၁၊ ၂၊ ၄၊ ၅၊၆)

၂။ ဗလီ၌ မည်သည့်အမှုကိစ္စများမှ ရှောင်ကြဉ်ရမည်နည်း။ (အဖြေ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅)

၃။ ဗလီသို့ဝင်လျှင် မည်သို့ဝင်ရမည်နည်း။ (အဖြေ ၈၊ ၁၆၊ ၁၇)

၄။ ဗလီမှထွက်လျှင် မည်သို့ထွက်ရမည်နည်း။ (အဖြေ၁၈)

၅။ အမျိုးသမီးများ အဘယ်နေရာ၌ နမားဇ်ဖတ်ရမည်နည်း။ (အဖြေ၁၉)

## ၉။ လမြတ်ရမသွာန်

၁။ လမြတ်ရမသွာန်၌ ဂရုစိုက်၍ လုပ်ရမည့်အမလ်နှစ်ခုကို ဖော်ပြပါ။ (အဖြေ ၆၊၇)

၂။ လမြတ်ရမသွာန်၌ လက်အောက်ငယ်သားများကို မည်သို့ဆက်ဆံရမည်နည်း။ (အဖြေ ၁၃၊ ၁၄)

၃။ လမြတ်ရမသွာန်၌ ရိုကျိုးစွာ အဘယ်ကြောင့် ဒုအာတောင်းသင့်သနည်း။ (အဖြေ ၁၅)

၄။ အီးဒ်နမားဇ်မဖတ်မီ ဘာလုပ်ရမည်နည်း။ (အဖြေ ၁၆)

၅။ ဝါဖြေပြီးလျှင် မည်သည့်ဒုအာတောင်းခံရမည်နည်း။ (အဖြေ၂၈)

**၁၀။ လမ်းသွားခြင်း**

၁။ လမ်းသွားလျှင် မည်သို့သွားရမည်နည်း။ (အဖြေ ၁၊၂၊၃)

၂။ လမ်းလျှောက်ရမည့်ပုံစံကို ဖော်ပြပါ။ (အဖြေ ၄)

၃။ မိမိအဖော်များနှင့် လမ်းသွားလျှင် မည်သို့သွားရမည်နည်း။ (အဖြေ၈)

၄။ လမ်း၏ ဝတ္တရားခြောက်ရပ်ကို ဖော်ပြပါ။ (အဖြေ ၁၀)

၅။ အမျိုးသမီးလမ်းသွားလျှင် မည်သည်တို့ကို ရှောင်ကြဉ်ရမည်နည်း။ (အဖြေ ၁၄၊ ၁၅)

**၁၁။ ခရီးသွားခြင်း**

၁။ ခရီးသွားလျှင် မည်သည့်အချိန်နေ့ရက်ကို ရွေးချယ်သင့်သနည်း။ (အဖြေ ၁၊၂)

၂။ အမျိုးသမီးခရီးထွက်ခွင့်ရှိပါသလား။ (အဖြေ ၄)

၃။ ခရီးစချိန်နှင့် ခရီးမှပြန်ရောက်ချိန် မည်သည့်အမလ်များ ပြုသင့်သနည်း။ (အဖြေ ၇)

၄။ ခရီး၌ မည်သည်တို့ကို ယူဆောင်သွားရမည်နည်း။ အဘယ်ကြောင့်နည်း။ (အဖြေ ၁၄)

၅။ အခြားသူတစ်ဦးတစ်ယောက် ခရီးထွက်လျှင် အသင်၏ တာဝန်များ အဘယ်သို့နည်း။ (အဖြေ ၁၈)

**၁၂။ ဇကားသ်**

၁။ ဇကားသ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ပေးရမည်နည်း။ (အဖြေ၁)

၂။ ဇကားသ်ငွေနှင့် ဆွဒကဟ်ပေးခြင်းတွင် အကောင်းဆုံးမှာ မည်သို့နည်း။ အဘယ်ကြောင့်နည်း။ (အဖြေ ၄၊ ၅)
၃။ ပေးကမ်းခြင်းခံရသူနှင့် မည်သို့ဆက်ဆံရမည်နည်း။ (အဖြေ၆)
၄။ ပေးစရာမရှိသည့်အခါ မည်သို့ပြုရမည်နည်း။ (အဖြေ ၇)
၅။ မည်သို့သော ပစ္စည်းကို လှူဒါန်းရမည်နည်း။ (အဖြေ၉)

**၁၃။ ဟဂ်ျပြုခြင်း**

၁။ ဟဂ်ျမည်သို့သွားသင့်သနည်း။ (အဖြေ ၂၊၃၊၅)
၂။ ဟဂ်ျပြုစဉ် မည်သည်တို့ကို ရှောင်ကြဉ်သင့်သနည်း။ (အဖြေ ၉၊၁၀၊၁၁)
၃။ အရ်ဖွါးသ်ကွင်းပြင်ရောက်လျှင် ဘာလုပ်ရမည်နည်း။ (အဖြေ၁၅)
၄။ ဘိုင်တွလ္လာ၌ အများဆုံးလုပ်ရမည့် အမလ်မှာ အဘယ်နည်း။ (အဖြေ ၁၈)
၅။ ဟာဂျီသည် မည်သို့ပြောဆိုဆက်ဆံသင့်သနည်း။ (အဖြေ ၂၀)

**၁၄။ သောကြာနေ့**

၁။ သောကြာနေ့၌ ဘာလုပ်ရမည်နည်း။ (အဖြေ ၁)
၂။ သောကြာနေ့၌ မည်သည့်အမလ်များ အလေးထား ဆောင်ရွက်သင့်သနည်း။ (အဖြေ ၂)
၃။ သောကြာနေ့တွင် မည်သည့်အချိန်၌ ဒုအာပြုသင့်သနည်း။ (အဖြေ ၄)
၄။ ဂျုမိုအာနမားဇ်ကို အကြောင်းမဲ့စွန့်လွှတ်ခွင့်ရှိပါသလား။ (အဖြေ၅)

၅။ သောကြာနေ့၌ မည်သည့်အချိန်တွင် မိမိလုပ်ငန်းဆောင်တာများ ရပ်ဆိုင်းရမည်နည်း။ (အဖြေ ၆)

**၁၅။ ကွယ်လွန်သေဆုံးခြင်းနှင့် ဂျနာဇာ**

၁။ ကွယ်လွန်ခါနီးသူအနီးတွင် မည်သည့်အမလ်များ လုပ်သင့်သနည်း။ (အဖြေ ၁၂)

၂။ ကွယ်လွန်သွားသည်နှင့် ဘာလုပ်ရမည်နည်း။ (အဖြေ ၇)

၃။ ကွယ်လွန်သူအား ကဗရ်အတွင်းသို့ မည်သို့ချရမည်နည်း။ (အဖြေ ၁၆၊ ၁၇၊ ၁၈)

၄။ မိုင်ယိသ်အိမ်အတွက် အဘယ်သို့စီစဉ်ပေးရမည်နည်း။ (အဖြေ၂၂)

၅။ ကဗရ်စတာန်ရောက်လျှင် မည်သို့ နေထိုင်ပြောဆိုပြုကျင့်ရမည်နည်း။ (အဖြေ ၂၅၊ ၂၆၊ ၂၈၊ ၃၀)

**၁၆။ အိမ်ရှင်နှင့်ဧည့်သည်**

၁။ ဧည့်သည်ရောက်လာလျှင် မည်သို့ပြုရမည်နည်း။ (အဖြေ၁၂၃)

၂။ ဧည့်သည်အား အဘယ်အစီအစဉ်များ ပြုလုပ်ပေးရမည်နည်း။ (အဖြေ ၄)

၃။ အိမ်ရှင်၏ ဝတ္တရားမှာ ဘယ်နှစ်ရက်နည်း။ (အဖြေ ၇)

၄။ ဧည့်သည်၏ ဝတ္တရားမှာ အဘယ်နည်း။ (ဖြေ ၁၂၊ ၁၃)

၅။ ဧည့်သည်၏ မပြုအပ်သော အရာများမှာ အဘယ်သို့နည်း။ (အဖြေ ၁၆၊ ၁၇၊ ၁၈)

**၁၇။ အခမ်းအနား(သို့) ထိုင်ဝိုင်း**

၁။ ထိုင်ဝိုင်းတစ်ခုဖြစ်လျှင် အဘယ်အရာရှိသင့်ပါသနည်း။ (အဖြေ၃)

၂။ ထိုင်ဝိုင်းလျှင် မည်သည့်နေရာမျိုးမှာ ထိုင်သင့်သနည်း။ မည်သည့် နရာမျိုးမှ ရှောင်ကြဉ်သင့်သနည်း။ (အဖြေ ၅၊၆၊၉)

၃။ ထိုင်ဝိုင်းတွင် လူနှစ်ဦးတီးတိုးစကားပြောဆိုခွင့် ရှိပါသလား။ (အဖြေ ၁၃)

၄။ အခမ်းအနားတစ်ခုတွင် မည်သို့စကားပြောဆိုသင့်သနည်း။ (အဖြေ ၁၄၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉)

၅။ ထိုင်ဝိုင်း၏ စကားများအား ပြန်လည်ပြောဆိုခွင့်ရှိပါသလား။ (အဖြေ ၁၆)

**၁၈။ စကားပြောဆိုခြင်းနှင့် စာလွှာရေးခြင်း**

၁။ မည်သို့သောစကားပြောဆိုသင့်သနည်း။ (အဖြေ ၁၊၂၊ ၁၁)

၂။ စကားအားမည်သို့ပြောဆိုရမည်နည်း။ (အဖြေ ၂၊၁၄၊၁၅၊၁၆)

၃။ မည်သို့သောစကားပြောခြင်းမှ ရှောင်ကြဉ်ရမည်နည်း။ (အဖြေ ၄၊၅၊၆၊၇၊၈၊၉၊၁၃)

၄။ စာရေးသည့်ပုံစံကို ဖော်ပြပါ။ (အဖြေ ၂၁၊၂၂၊၂၃၊၂၄)

၅။ တစ်ဦးဦးအား မေးမြန်းလိုသော စာပို့လျှင် မည်သို့ ပြုလုပ်ရမည်နည်း။ (အဖြေ ၃၂)

**၁၉။ လူမမာမေးမြန်းခြင်း**

၁။ လူနာ၏ခေါင်းရင်း၌ထိုင်၍ ဘာလုပ်ပေးသင့်သနည်း။ (အဖြေ၂)

၂။ လူနာရှင်များအား မည်သည့်အကြံဉာဏ်ပေးသင့်သနည်း။ (အဖြေ ၄)

၃။ မုစ်လင်မ်မဟုတ်သူများထံ လူမမာမေးမြန်းခွင့် ရှိပါသလား။ (အဖြေ ၅)

၄။ မည်သို့သောသူထံ အေယာဒသ်လုပ်ရန် မသွားသင့်သနည်း။ (အဖြေ ၇)

၅။ လူနာအား အခြေအနေမေးမြန်းပြီးလျှင် မည်သည့်ဒုအာ တောင်းခံရမည်နည်း။ (အဖြေ ၉၊၁၀)

**၂၀။ ဒုအာတောင်းခံခြင်း**

၁။ အရှင်မြတ်ထံတော်၌ မည်သည်တို့ကို တောင်းခံအပ်သနည်း။ (အဖြေ ၂)

၂။ ဒုအာမည်သို့တောင်းခံရမည်နည်း။ (အဖြေ ၅)

၃။ ဒုအာ၏အလျှင် မည်သည်တို့ကို ပြုလုပ်သင့်သနည်း။ (အဖြေ ၃၊၇၊၁၃)

၄။ မည်သည့်အချိန်များ၌ ဒုအာတောင်းခံသင့်သနည်း။ (အဖြေ ၁၄)

၅။ ဒုအာ၌ မည်သည်တို့ကို ဦးစားပေးသင့်သနည်း။ (အဖြေ ၁၅)

# အစ္စလာမိယာ သဒ်ာလိမှုလ်ကုရ်အာန်
# သာသနာ့ ကျောင်းတော်ကြီး



တည်ရာဌာန - အမှတ် ၄၉ (အေ)၊ ကွင်းကျောင်းလမ်း
ကွင်းရပ် ရပ်ကွက်၊ မော်လမြိုင်မြို့။